# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ယောကျ်ားအာဇာနည်**

ယောကျ်ားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 July 2023 ၁၁၁၆၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကြေးမုံ

# အာဇာနည်ခေါင်းဆောင်ကြီးများအား သတိရဂုဏ်ပြု ဦးညွှတ်အလေးပြု

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်(ယနေ့)သည် (၇၆)နှစ်မြောက် အာဇာနည်နေ့ ဖြစ်သည်။ နှစ်အားဖြင့် ၇၀ ကျော်ကြာပြီဖြစ်သော်လည်း မြန်မာပြည်သူ ပြည်သားအားလုံးအနေဖြင့် ဤနေ့ကို ယနေ့ထက်တိုင်မမေ့နိုင်သေးပါ။ မသမာသူအကြမ်းဖက်လူသတ်သမားများက အမျိုးသားခေါင်းဆောင်ကြီးများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့မှုကြောင့် တိုင်းပြည်အတွက် ကြီးမားသောဆုံးရှုံးမှုကြီးဖြစ်ခဲ့ရသည့် အဖြစ်ဆိုးကြီးကို ပြည်သူအားလုံး၏နှလုံးသားတွင် စွဲကျန်ရစ်နေမည်သာဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အမျိုးသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ နိုးကြားတက်ကြွစွာဖြင့် ပူးပေါင်းပါဝင်လာမှုတို့ကြောင့် နိုင်ငံလွတ်လပ်ရေးရရှိရန် လက်တစ်ကမ်းအလိုတွင် နယ်ချဲ့လက်ပါးစေနှင့် အမျိုးသားသစ္စာဖောက်တို့၏ ယုတ်မာသောအကြံအစည်ကြောင့် အကြမ်းဖက်လူသတ်သမားများလက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များ ကျဆုံးခဲ့ရသည်။ ထိုနေ့ထိုရက်သည် တစ်တိုင်းပြည်လုံး အမှောင်အတိကျပြီး ပူဆွေးသောကရောက်ရသည့် နေ့တစ်နေ့ဖြစ်သည်။

ထိုနေ့ကို နိုင်ငံတော်၏ဝမ်းနည်းကြေကွဲဖွယ်ရာ နေ့တစ်နေ့အဖြစ်သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ထိုနေ့ထိုရက်ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်အလေးပြုသည့် ဂုဏ်ပြုသတိရ အထိမ်းအမှတ်အခမ်းအနားများ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပကြသည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန်အောင် ပြည်သူအားလုံး ဦးညွှတ်အလေးပြုကြသည်။ အာဇာနည်ဟူသည် အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည်၊ သတ္တိဗျတ္တိ ထူးကဲသာလွန်၍ အများအကျိုးအတွက် ကိုယ်ကျိုးမဖက် သက်စွန့်ကြိုးပမ်း ထမ်းဆောင်နိုင်သူဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အာဇာနေယျ ဂုဏ်ပုဒ်ထက် ထူးကဲသာလွန်သူဟု ဆိုချင်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံနှင့် ပြည်သူအပေါ်ထားရှိသည့် စိတ်ဓာတ်များနှင့် တစ်မူထူးခြား စွမ်းဆောင်နိုင်မှုဂုဏ်ဒြပ်များမှာ မြန်မာပြည်သူ ပြည်သားများအားလုံး လေးစားဂုဏ်ယူကြရမည်ဖြစ်သလို မျိုးဆက်သစ်များအနေဖြင့်လည်း အတုယူအားကျစိတ်များ မွေးမြူကြရမည်ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း အာဇာနည်နေ့သို့ရောက်ရှိလေတိုင်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရိုသေအလေးအမြတ်ပြုကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်သက်ဆိုင်သော အမှတ်တရမှတ်တိုင်များကို အောက်မေ့သတိရစေသောငှာ လေ့လာမှတ်သားကြသည်။

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့အထူးပြပွဲအဖြစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)တွင် အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်ရန် အခမဲ့သုံးရက် ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း နေထိုင်လုပ်ကိုင်ခဲ့သည်များကို ပြန်လည်သိရှိကြရမည်ဖြစ်သည်။ အလားတူ ရန်ကုန်မြို့ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များ အစည်းအဝေးပြုလုပ်နေစဉ် မသမာသူများ၏ လက်ချက်ကြောင့် ကျဆုံးခဲ့ရသည့်နေရာနှင့် အမှတ်တရများကို အာဇာနည်နေ့တွင် အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ ထို့အပြင် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ၏ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြည်သူအားလုံး လာရောက်ဦးညွှတ် ဂါရဝပြုနိုင်ကြမည်ဖြစ်သည်။

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့လာရောက်ကြသည့် မိဘပြည်သူတို့အနေဖြင့် ကျန်းမာရေးဆိုင်ရာစည်းကမ်းများနှင့် လုံခြုံရေးဆိုင်ရာစည်းကမ်းများကို လိုက်နာကြခြင်းဖြင့် စိတ်ချမ်းမြေ့စွာလေ့လာနိုင်မည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် မသမာသူအဖျက်သမားများက အများပြည်သူတို့နေရာများနှင့် ပြည်သူများအား နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ ပြည်သူများအနေဖြင့် အများပြည်သူတို့အား ကာကွယ်စောင့်ရှောက်ပေးရန်အတွက် လုံခြုံရေးအရဆောင်ရွက်မှုများကို နားလည်သိရှိကြရန် မေတ္တာရပ်ခံပါသည်။

သို့ဖြစ်ရာ တစ်တိုင်းတစ်ပြည်လုံး၊ တိုင်းရင်းသားပြည်သူအားလုံး မမေ့မပျောက်နိုင်သည့် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် ဤနေ့ဤရက်တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား သတိရဂုဏ်ပြုဦးညွှတ်အလေးပြုကြပြီး နိုင်ငံတော်အစွန့်ရှည်ရေး၊ သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေးတို့တွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် Certificate in Entrepreneurship and Business Management (Batch III) ဖွင့်လှစ်မည်

**သန်လျင် ဇူလိုင် ၁၈**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အခြေခံသဘောတရားများကို သိရှိစေရန်၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို တတ်သိနားလည်ပြီး အသုံးချနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ စွန့်ဦးတီထွင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှုပညာအသိအမှတ်ပြုလက်မှတ်သင်တန်း Certificate in Entrepreneurship and Business Management (Batch I) ကို ၁၂-၅-၂၀၂၂ ရက်မှ ၁၂-၈-၂၀၂၂ ရက်အထိလည်းကောင်း၊ (Batch II) ကို ၁၅-၂-၂၀၂၃ ရက်မှ ၁၅-၅-၂၀၂၃ ရက်အထိလည်းကောင်း Free Online Certificate Course အဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယခုဆက်လက်၍ Certificate in Entrepreneurship and Business Management (Batch III) ကို Free Online Certificate Course အဖြစ် ၅-၈-၂၀၂၃ ရက်မှ ၂၂-၁၀-၂၀၂၃ ရက်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖွင့်လှစ်ပို့ချ သင်ကြားသွားမည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများအနေဖြင့် https://forms.gle/xWXHcaHbynxYq3eZA Link မှတစ်ဆင့် Google Form တွင် ဖြည့်စွက်ပြီး ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျပန်းစကားပြော ပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ပညာရေးမှူး ဦးငွေဝင်းက ကျေးဇူးတင်စကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲကို စတင်ခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ခြောက်ဦးတို့က မူးယစ်ရန်စွယ်တို့ကာကွယ်၊ ပညာရဲရင့်ပွဲလယ်တင့်၊ ယနေ့လူငယ်နောင်ဝယ်လူကြီး၊ အစဉ်ရေးရှုမြန်မာယဉ်ကျေးမှု၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ အားကစားဖြင့် နိုင်ငံမြှင့်တင်စို့ စသည့်ခေါင်းစဉ်ပါအကြောင်းအရာများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များကိုတက်ရောက်လာကြသောကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၂၀၀ | ၆၃၂ | ၅,၁၅၇,၈၀၀ |
| MTSH | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၈၈ | ၈,၀၈၆,၄၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၈၁ | ၅၇၅,၁၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၁၈ | ၂၇,၇၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၁၀ | ၂၄,၅၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၂၃၄ | ၁,၁၂၃,၆၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၃၁,၈၅၈ | ၅၅,၀၀၁,၅၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



ရန်ကုန် ဇူလိုင် ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများသို့ မြန်မာအလုပ်သမားများ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ရေးဆိုင်ရာ စေလွှတ်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ပနိုင်ငံများသို့ မြန်မာအလုပ်သမားများ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်ရေးဆိုင်ရာ စေလွှတ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



## တက်ရောက်

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်ပနိုင်ငံများသို့ တရားဝင် အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လိုင်စင်ရအေဂျင်စီများအနေဖြင့် ဝန်ကြီးဌာနကချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်လုပ်ဆောင်ကြရန် လိုကြောင်း။

လိုင်စင်ရအေဂျင်စီများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာလုပ်သားများနှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ်ပါ မိသားစုလွှဲပို့ငွေကိစ္စရပ်များကို နိုင်ငံတော်က သတ်မှတ်ထားသည့် ငွေလွှဲစနစ်များ၊ နည်းလမ်းများအတိုင်း စနစ်တကျလွှဲပြောင်းပေးပို့နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊ မြန်မာအလုပ်သမားများကို ပြည်ပသို့ မထွက်ခွာမီ အလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းပို့ချခြင်းနှင့် အလုပ်ရှင်/ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုချိန်တို့တွင် ပြည်တွင်းဘဏ်များ၌ ငွေစုစာရင်းဖွင့်လှစ်ခြင်းနှင့် ငွေလွှဲပြောင်းပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုပ်ခလစာများအား တရားဝင်လွှဲပြောင်းမှုဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးစေလိုကြောင်း။

မိမိတို့စေလွှတ်သည့် အလုပ်သမားများ သက်ဆိုင်ရာနိုင်ငံရှိလုပ်ငန်းခွင်များတွင် အလုပ်ရှင်၊ အလုပ်သမား မပြေလည်မှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု/ သေဆုံးမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အမြန်ဆုံးသွားရောက်ဖြေရှင်းဆောင်ရွက်ပေးရန်၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ ပြဿနာများ၊ ထူးခြားဖြစ်စဉ်များ တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့၍ အလုပ်သမားသံအရာရှိများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းနှင့် မိမိတို့စေလွှတ်သည့် အလုပ်သမားများ စတင်ထွက်ခွာချိန်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အချိန်အထိ အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ အလုပ်သမားများ တရားမဝင်ပို့ဆောင်ရေးကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ ကိုယ်စားလှယ်များက လုပ်ငန်းလိုအပ်ချက်များ၊ ကြုံတွေ့နေရသောကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ငါးမျိုးစိုက်ထည့်ပွဲနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများကပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လျှိုပိတ်ဆည်အတွင်းသို့ ထိုင်းငါးခုံးမ သားပေါက်ကောင်ရေ တစ်သောင်းခွဲကို မျိုးစိုက်ထည့်ပေးကြသည်။

## စိုက်ပျိုး

ထို့နောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က ရတနာတန်းဝင် ကျွန်းပင်များ၊ ခရေပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ကံ့ကော်၊ ပိတောက်၊ ငုရွှေဝါ၊ ခရေ၊ သရက်၊ ကျွဲကော၊ မရမ်းနှင့် ပိန္နဲ အပါအဝင် ပျိုးပင်ပေါင်း ၁၉၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြစ်ရေကြီးမှုအခြေအနေ

(၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက် ၉ နာရီထုတ်ပြန်ချက်)

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း တစ်ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ရေချိုးတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

☆ **ကျောဖုံးမှ**

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူးနှင့် သံရုံးမိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် နိုင်ငံတော် သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၆) နှစ်မြောက် အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ စစ်သံမှူး Senior Colonel Wang Wei က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် စစ်သံမှူးတို့က အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့က တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၈**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၏ နန်းသီတာဘက်စုံ စိုက်ပျိုး၊ မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ဧရိယာတွင် Pre Construction Survey လုပ်ငန်းများအား M.V FUGRO EQUATOR ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinateများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၂.၅၄၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၃၈.၈၀၉၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၂ မိနစ် ၅၅.၀၀၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၄၉.၃၉၀၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၁.၂၅၅၅ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅ မိနစ် ၄၃.၃၉၀၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၁၃.၆၇၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၂ မိနစ် ၅၁.၆၈၁၂ စက္ကန့် တို့အတွင်းတွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားခဲ့သော်လည်း အဆိုပါ နေ့ရက်များတွင် လုပ်ငန်းများမပြီးပြတ်သေးပါ သဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-3 ဧရိယာတွင် SHWE Phase 4 Development Project အရ Pre Construction Survey လုပ်ငန်းများအား M.V FUGRO EQUATOR ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၀၂၃ ခုနှစ် ဇူလိုင်လ၁၃ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "ရေကြောင်းဘက်ဆိုင်ရာကျွမ်းကျင်သူများမွေးဖွားရာမြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်" ဆောင်းပါး စာမျက်နှာ ၁၀ ကော်လံ ၁ စာကြောင်းရေ ၁ တွင် ပါရှိသော **"ပင်လယ်ပြင် လုပ်သက်ရယူရေးအတွက်နိုင်ငံတကာသင်္ဘောလိုင်းများတွင် လက်တွေ့လုပ်ငန်းခွင် ၁၂ လတာဝန်ထမ်းဆောင်ရပါသည် "** အစား **"နိုင်ငံတကာသင်္ဘောလိုင်းများတွင် ၁၈ လတာဝန်ထမ်းဆောင်ရပါသည်"**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဒေါက်တာသန့်စင် ( ရှုပဗေဒ )**

# စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့တွင် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

**ရောင်းချပေးလျက်ရှိ**

ယနေ့တွင်လည်း စစ်တွေမြို့ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

**ဝယ်ယူအားပေး**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက တစ်ခဲနက် ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေး



အခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**မြစ်သား ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ပန်းလောင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်၈ နာရီက မြစ်သားမြို့နယ် နွားကူးကြီး ကျေးရွာအုပ်စု ရေအေးဆိပ်ကျေးရွာအနီး၌ ကျင်းပသည်။

**မျိုးစိုက်ထည့်**

အဆိုပါအခမ်းအနားသို့ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက နှစ်လက်မအရွယ် ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်းနှင့် ငါးခုံမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်း၊ ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းခွဲ စုစုပေါင်းငါးသားပေါက်ကောင်ရေ သုံးသိန်းတို့အား ပန်းလောင်မြစ်အတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ သံစုံတီးဝိုင်းလေ့ကျင့်မှု၊ Personal Grooming သင်တန်းဖွင့်လှစ်မှုနှင့် ဟာသမြို့တော်ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်ပြဇာတ် ရိုက်ကူးမှုများ ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၌ သံစုံတီးဝိုင်း၏ နိုင်ငံတကာ တေးသီချင်းများ လေ့ကျင့်တီးခတ်သီဆိုမှု၊ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေး သင်တန်း(Personal Grooming Course) သင်ကြားနေမှုနှင့် လူရွှင်တော်စတားကောင်းထက်စီစဉ်သည့် "ဟာသမြို့တော်ရယ်စရာ စင်တင်ဟာသ တစ်ခန်းရပ်ပြဇာတ်" ရိုက်ကူးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၌ သံစုံတီးဝိုင်း၏ တီးမှုတ်သီဆိုသရုပ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်) Studio (B)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သံစုံတီးဝိုင်းစုဖွဲ့ ပြင်ဆင် လေ့ကျင့်နေမှုနှင့် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်သံစုံတီးဝိုင်းတာဝန်ခံက နိုင်ငံတကာတေးသီချင်းများ လေ့ကျင့်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်ကိုတင်ပြပြီး သံစုံတီးဝိုင်းက National Anthem နှင့် ASEAN Anthemတို့ကို တီးခတ်တင်ဆက်ကာ ဝန်ထမ်းအဆိုရှင်များက နိုင်ငံတကာ တေးသီချင်းများဖြစ်သည့် အင်္ဂလိပ်၊ တရုတ်၊ ရုရှား သီချင်းနှင့် မြန်မာတေးသီချင်းတို့ဖြင့် တီးမှုတ်သီဆို သရုပ်ပြသကြရာ ပြည်ထောင်စုဝန်ကြီးက တီးဝိုင်းအဖွဲ့၏ ဝတ်စုံကိစ္စ၊ သံစုံတီးဝိုင်းအဖွဲ့အား စင်တင်ပေးရန် တူရိယာများ ပိုမိုညီညာကောင်းမွန်အောင် လေ့ကျင့်သွားရန်၊ တေးသီချင်းများ တီးမှုတ်ရာတွင် အသက်ဝင်အောင် ခံစားချက်ထည့်ရန်၊ နိုင်ငံတကာတေးသီချင်းများအကြောင်းကို မသီဆို၊ မတီးမှုတ်မီ မိတ်ဆက်ရှင်းပြခြင်း အစီအစဉ်ထည့်သွင်းရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေးသင်တန်းမှ သင်တန်းသားများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။

ယင်းနောက် သံစုံတီးဝိုင်းအဖွဲ့ခေါင်းဆောင်နှင့် ဝန်ထမ်းများအတွက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တီးဝိုင်းအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သင်တန်းခန်းမတွင် ဖွင့်လှစ်သင်ကြားနေသည့် တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေးသင်တန်း Personal Grooming Course သင်ကြားနေမှုကို ကြည့်ရှုအားပေးရာ သင်တန်းနည်းပြ Mr.Crisminth က သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သင်တန်းသားသင်တန်းသူများကို အားပေးစကားပြောကြားပြီး သင်တန်းနည်းပြအား အမှတ်တရလက်ဆောင် ပေးအပ်ကာ သင်တန်းသားများ အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို မြန်မာ့အသံနှင့် ရုပ်မြင့်သံကြား၏ သတင်းတင်ဆက်သူများ၊ အခမ်းအနားမှူးများ၊ အစီအစဉ်တင်ဆက်သူများအား တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး မြှင့်တင်နိုင်ရန် ကိုယ်နေဟန်ပန်၊ အမူအရာ၊ တင်ဆက်ပုံများပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ယနေ့မှ ဇူလိုင် ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားနေခြင်းဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် Studio (A)သို့ ရောက်ရှိပြီး လူရွှင်တော်စတားကောင်းထက်စီစဉ်သည့် "ဟာသမြို့တော် ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်ပြဇာတ်" ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက အဆိုပါအစီအစဉ်တွင် ပါဝင်ရိုက်ကူးနေသည့် လူရွှင်တော်စတား ကောင်းထက်နှင့် ဟာသသရုပ်ဆောင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်စေရန် ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိပြီး အပတ်စဉ် သောကြာနေ့တိုင်းတွင် Friday Night Live Show တေးဂီတဖျော်ဖြေပွဲများ၊ အပတ်စဉ် စနေနေ့တိုင်းတွင် ဟာသလူရွှင်တော်အဖွဲ့များနှင့် ပူးပေါင်း၍ "ဟာသမြို့တော် ရယ်စရာစင်တင် ဟာသတစ်ခန်းရပ်ပြဇာတ်" အစီအစဉ်ကို ရိုက်ကူးတင်ဆက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kanbo အမျိုးအစားလျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၂၀၃ စီးသည် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်



## ပန်းတောင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

ပန်းတောင်း ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းက ပဲကြီးအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက အဖွင့်အမှာစကားပြောကြားပြီး Moderator အဖြစ် ဆောင်ရွက်ကာ Grade-10 နှင့် Grade-11 ကျောင်းသား ကျောင်းသူ ငါးဦးက ဆွေးနွေးခဲ့ရာ G-10 ကျောင်းသား မောင်အောင်ကိုကိုက "လူငယ်နှင့်အပြစ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ G-11 ကျောင်းသား မောင်စွမ်းအောင်ထက်က "လူငယ်နှင့်ဝါသနာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပေးခဲ့သည်။

ဆက်လက်၍ G-11 ကျောင်းသား မောင်ဇင်ဘိုဘိုအောင်က "လူငယ်နှင့်ဇွဲ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ G-11 ကျောင်းသူ မအိမ့်ခြူးပန်က "လူငယ်နှင့်အောင်မြင်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ G-11 ကျောင်းသူ မဇွန်သူသူအောင်က "ချစ်သောမျက်စိဖြင့်ကြည့်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း အောင်မြင်ထွန်းတောက်သော လူငယ်များဖြစ်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## မာန်အောင်မြို့၌ အာဇာနည်နေ့အထိမ်းအမှတ်အကြိုဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကျင်းပ

မာန်အောင် ဇူလိုင် ၁၈

ရခိုင်ပြည်နယ် မာန်အောင်မြို့တွင် (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ယနေ့နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရန်ငြိမ်းက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လက်တွဲညီညီ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံများအကြောင်းကို ကျောင်းသားကျောင်းသူများ သိရှိနားလည်စေရန်နှင့် မမေ့မလျော့ အောင်မေ့လွမ်းဆွတ်သတိရစေရန် ရှင်းလင်းဟောပြောခဲ့သည်။ (၇၆)နှစ်မြောက် အာဇာနည်နေ့ကို မမေ့မလျော့စေရန်နှင့် ရင်ထဲ၌ ထာဝရရှင်သန်ကိန်းဝပ်နေစေရန်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ ပြည်သူလူထုအား ဗိုလ်ချုပ်အောင်ဆန်းမှာကြားခဲ့သော မိန့်ခွန်းများ၊ အာဇာနည်နေ့ကို ဂုဏ်ပြုသော ကဗျာများ ပါဝင်သည့် နံရံကပ်စာစောင်များနှင့် စာအုပ်/စာစောင်များပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာသနာတော်အကျိုး ထူးခြားစွာသယ်ပိုး အများပြည်သူ ပီတိအဟုန်တိုး၍ ငြိမ်းချမ်းသာယာ

**ကိုရင်မောင်**

**ဗုဒ္ဓမြတ်စွာသာသနာတော်တွင် ဘုရားရှင်အား ပထမဆုံးဖူးတွေ့ရသူ (ဘုရားဖူးဦး)၊ ပထမဆုံး မုန့်ဆွမ်းလှူဒါန်းရသူ (ဆွမ်းလှူဦး)၊ ပထမဆုံး ဒွေ့ဝါစိက သရဏဂုံတည်သူ (သရဏဂုံဦး)၊ ပထမဆုံး ဆံတော်ရှင် ချီးမြှင့်ခံရသူ(ဆံတော် ဓာတ်တော်ဦး)၊ ပထမဆုံး စေတီဘုရားတည်ရသူ(စေတီဦး-ဘုရားဦး) ဦးငါးဦးဖြင့် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ခွင့်ရသူမှာ မြန်မာပြည်ဖွားပင်ဖြစ်ကြောင်း သာသနာသမိုင်းတွင် မှတ်တမ်းတင်ထားပါသည်။**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အဝေးမှဖူးတွေ့ရပုံ။

သာသနာသမိုင်းတွင် စေတီဦး-ဘုရားဦး တည်နိုင်သူ ရာမညတိုင်း ဥက္ကလာပ ဇနပုဒ် ပေါက္ခ ဝတီမြို့မှ တပုဿ၊ ဘလ္လိက ညီနောင်နှင့် ဥက္ကလာပ မင်းမြတ်တို့၏ စွမ်းဆောင်နိုင်မှုကြောင့် ကမ္ဘာ့ အံ့ဖွယ် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပြည်တွင်း၊ ပြည်ပမှ ပြည်သူများ ကြည်ညိုဖူးမြော်နေကြရပါ သည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ တော်ကို အထွတ်အမြတ်ပြု၍ ကိုးကွယ်ဆည်းကပ် သည့် နိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုထား သည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အဓိကပင်မမြေတွင် "ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသန"ဟု ဆိုအပ် သော သာသနာတော်သုံးရပ်ကို ဦးခိုက်မတ်မတ် ပြုကြရာ၌ မြတ်စွာဘုရားရှင်၏ ဓာတ်တော်များ၊ နှုတ်မြွက်ဟောကြားတရားတော်များ၊ မွေတော် အသုံးအဆောင်များဖြင့် ဌာပနာမှုပြု၍ တည်ထား ကိုးကွယ်ကြသော ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိ ဘောဂစေတီ၊ ဥဒ္ဒိဿစေတီတော်မြတ်များကို မြန်မာပြည်တစ်ဝန်းတွင် ဖူးတွေ့နိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို စေတီပုထိုးနိုင်ငံ သို့မဟုတ် ရွှေနိုင်ငံဟု တင်စားပြောဆိုကြသည်။

### စိတ်နှလုံးချမ်းမြေ့

ဗုဒ္ဓဘုရားဆိုသည်မှာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား ဘုရားစင်စစ် ဖြစ်ပါသည်။ စေတီဘုရားရုပ်ပွားတော်ဆိုသည်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ ကိုယ်စား၊ ကိုယ်ပွားဆည်းကပ်ရာဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က လောကတွင် ပွင့်ထွန်းတော်မူခဲ့သော မြတ်စွာဘုရား၊ ခပ်သိမ်း သော တရားအပေါင်းတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်၍ သိတော်မူသော မြတ်စွာဘုရား၊ ကောင်းသောစကား ကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ လောက ၏ အကြောင်းအရာအလုံးစုံကို အကုန်အစင်သိမြင် တော်မူသော မြတ်စွာဘုရားစသည့် ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုပြီး ဖူးမြော်ရသောအခါ အတိုင်းအဆမရှိ ပီတိကုသိုလ်ဖြစ်ကြရပါသည်။ ဖူးမြော်ကြည်ညိုကြကုန်သော ဝေနေယျအပေါင်း တို့၏ စိတ်နှလုံးဘဝင်တွင် ချမ်းမြေ့ကြည်လင်ခြင်း ဖြစ်ကြရပါသည်။

စေတီဘုရား တည်ထားကိုးကွယ်ခြင်းကြောင့် ငြိမ်းအေးချမ်းသာမှုနှင့် ကုသိုလ်အပေါင်းကို ရရှိနိုင် မည့်အခွင့်ထူးသည် မြန်မာနိုင်ငံ၏ ထူးခြားသည့် ဂုဏ်အင်လက္ခဏာဖြစ်ပါသည်။ မြန်မာနိုင်ငံသမိုင်း တွင် ဘုန်းကံကြီးမားသော မင်းများက စေတီဘုရား များ တည်ထားခဲ့ကြသောကြောင့် ယနေ့ထက်တိုင် ပြည်သူများ ကိုးကွယ်ဆည်းကပ်နိုင်သည့် ကောင်းမှု ကုသိုလ်များ ရရှိနေကြပါသည်။ မြန်မာပြည်သူများ သာမက ကမ္ဘာ့ပြည်သူများပါ ဆည်းကပ်ပူဇော်ခွင့် ရနေသည့် ထင်ရှားကျော်ကြားသော စေတီဘုရား ပုထိုးများ များစွာရှိပါသည်။ မျက်မှောက်ကာလတွင် လည်း ကမ္ဘာပေါ်၌တည်ထားသော ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်လာမည့် "မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး" အား ပြည်တွင်း၊ ပြည်ပမှ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ တည်ထားလျက်ရှိသည်ကို ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်ရပါသည်။

### ထေရဝါဒဗုဒ္ဓနိုင်ငံ

"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး"ကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိနေမှုကို ပြသ ရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ် မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာ ဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ မြန်မာ နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ကိုးကွယ် သည့်နိုင်ငံဖြစ်ပါသည်။ ဗုဒ္ဓ၏တရားတော်များကို မင်းတုန်းမင်းလက်ထက်တွင် ပဉ္စမသင်္ဂါယနာတင်ခဲ့ ပြီး ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ဆဋ္ဌသင်္ဂါ ယနာတင်ခဲ့ပါသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓ ဘာသာ မြန်မာနိုင်ငံတွင် အခြေခံခိုင်မာမှုရှိခြင်းကို ဆက်လက်ပြသနိုင်ရန်အတွက် ရုပ်ပွားတော်မြတ် ကြီးကို ရည်ရွယ်တည်ထားခဲ့ခြင်းဖြစ်သည်။

မြန်မာ့သမိုင်းတွင် ဘုရားတည်သော မင်းတို့ သည် ဘုရားတည်ခြင်းကိစ္စအဝဝတို့ကို အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ ယခု မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားမှုနှင့် ပတ်သက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် အကြီးအကဲ၏ ဘုရားတည်မှု သဒ္ဓါကုသိုလ်စိတ်များ နှင့် ဆောင်ရွက်ချက်များမှာ ထူးခြားမှုများစွာရှိနေ သည်ကိုတွေ့ရပါသည်။ ရုပ်ပွားတော်ကြီး တည်ထား ရန်အတွက် စကျင်ကျောက်တော်ကြီးများ စတင် သယ်ဆောင်သည်မှစ၍ ဘုရားတည်ထားခြင်းနှင့် သာသနိကသာသနာရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝ များ ဆောင်ရွက်နေသည့်ကာလများတွင် နိုင်ငံ့တာဝန် ဝတ္တရားကြီးမားများပြားသည့်ကြားမှ သဒ္ဓါတရား ထက်သန်စွာဖြင့် ကိုယ်တိုင်ကိုယ်ကျဦးဆောင် ကြီးကြပ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

### ကိုယ်တိုင်ရှင်းလင်းပြသ

ရုပ်ပွားတော်ကြီး တည်ထားပြီးစီးမှုနှင့် ပတ်သက်၍ ကုသိုလ်ပါဝင်ခဲ့ကြသည့် ဓမ္မမိတ်ဆွေ များသည် ဘာသာ၊ သာသနာအားဖြင့်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များတွင် တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များဖြစ်ကြ ၍ လည်းကောင်း ၎င်းတို့အား အသိအမှတ်ပြုသော အားဖြင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်နေသည့် အခြေအနေများကို သိရှိရန် လိုအပ်သည်ဟု နိုင်ငံတော်အကြီးအကဲက ယူဆပြီး အများပြည်သူ ကုသိုလ်သဒ္ဓါစိတ်များ တိုးပွားများနိုင် စေရန်အတွက် ၂၉-၆-၂၀၂၃ ရက်နေ့နံနက်ပိုင်းက ကိုယ်တိုင် ရှင်းလင်းပြသခြင်းသည် ထူးခြားချက် တစ်ခုဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်အကြီးအကဲက ရှင်းလင်းပြောကြားခဲ့သည်များအနက်-

"မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်အတွက် သာသနာ တော် ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်သာယာဝပြောမှုရှိမှုဆိုသည် မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်း ဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်ဖြစ် ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့်အရိပ် အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်း ဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှုမေတ္တာ တရားထားသည့် ဘာသာတရားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား၏အောက်တွင် ကမ္ဘာ ကြီး ငြိမ်းချမ်းသာယာမှုရှိစေရေး ရည်ရွယ်ချက် များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း" အချက်ကို မှတ်သားရပါသည်။

### ရတနာပုံခေတ်ဟန်

ဒုတိယထူးခြားချက်မှာ ရုပ်ပွားဆင်းတုတော် ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ရာ၌ ခေတ် အလိုက် တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော် များအနက်မှ အကောင်းဆုံးဖြစ်သည့် ရတနာပုံ ခေတ်ဟန်ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင် ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည်လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံ၏ ဘာသာသာသနာယဉ်ကျေး မှုသမိုင်းမှာ အဆက်ပြတ်သွားခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် ပြန်လည်အသက်ဝင် ခဲ့သည်။ ကိုလိုနီဖြစ်ခဲ့သည့် ကာလအတွင်း မြန်မာ နိုင်ငံ၏ ယဉ်ကျေးမှုများ ပျက်စီးသွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ပြန်လည် ပုံဖော်ရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် ထူးခြားချက်ပင် ဖြစ်သည်။

တတိယထူးခြားချက်မှာ ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေးစီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှ သယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင် တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှ တစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ သယ်ဆောင် နိုင်ရေးအတွက် အသေးစိတ်လိုက်လံကြည့်ရှုခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူ ပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့် နှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ပင့်ဆောင်ခဲ့သည်။ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် စုစုပေါင်း ကိုးကြိမ် ပင့်ဆောင်ခဲ့ရ သည်။

**စာမျက်နှာ ၇ သို့ ✤**

**❛ ဗုဒ္ဓဘုရားဆိုသည်မှာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှားဘုရားစင်စစ်ဖြစ်ပါသည်။ စေတီဘုရား ရုပ်ပွားတော်ဆိုသည်မှာ သက်တော်ထင်ရှားမြတ်စွာဘုရားအား ရည်မှန်း၍ ကိုယ်စား၊ ကိုယ်ပွားဆည်းကပ်ရာဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က လောကတွင် ပွင့်ထွန်းတော်မူခဲ့သော မြတ်စွာဘုရား၊ ခပ်သိမ်းသောတရားအပေါင်းတို့ကို မဖောက် မပြန် ကိုယ်တော်တိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်၍ သိတော်မူသော မြတ်စွာဘုရား၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ လောက၏ အကြောင်းအရာအလုံးစုံကို အကုန်အစင်သိမြင်တော်မူသော မြတ်စွာဘုရား စသည့်ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုပြီး ဖူးမြော်ရသောအခါ အတိုင်းအဆမရှိ ပီတိကုသိုလ်ဖြစ်ကြရပါသည်။ ဖူးမြော်ကြည်ညိုကြ ကုန်သော ဝေနေယျအပေါင်းတို့၏ စိတ်နှလုံးဘဝင်တွင် ချမ်းမြေ့ကြည်လင်ခြင်းဖြစ်ကြရ ❜**

❖ စာမျက်နှာ ၆ မှ

တန်ချိန် ၈၁၅၈ တန် သယ်ဆောင်ခဲ့သည်။ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီး သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့သည်။

**အောင်မြင်စွာဆောင်ရွက်**

စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံအရှည် လမ်းဖောက်လုပ်ခဲ့သည်။ နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စတင်ပင့်ဆောင်ခဲ့သည်။ ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြားသယ်ဆောင်နိုင်သည့်ကားများသွားလာနိုင်ရေး ရှောင်ကွင်းလမ်းများ ဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။ အချိန်အားဖြင့် လေးလကြာမြင့်ခဲ့သည်။ ကျောက်တော်ကြီးများ ပင့်ဆောင်သည့်အချိန်သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလနှင့် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်နေ၍ ကျောက်တော်ကြီးများ ပင့်ဆောင်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

စကျင်ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့်သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့ရပြီး အလေးချိန်အားဖြင့် ၇၆၃၂ တန်ဖြစ်သည်။ သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modular Trailer များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံးအရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ထူးထူးခြားခြားဆောင်ရွက်နိုင်ခဲ့သည်။

**ရှေးမူမပျက်ဆောက်လုပ်**

စတုတ္ထထူးခြားချက်မှာ ဘုရားကြီးတည်ထားကိုးကွယ်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရန် ရည်ရွယ်တည်ဆောက်ခဲ့သည်။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ခဲ့သည်။ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင်ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ခဲ့သည်။ အဆိုပါပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ မာရဝိဇယဥယျာဉ်အတွင်း မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်း၊ ရေပန်းရင်ပြင်တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးများ တည်ဆောက်ခဲ့သည်။ ဘုရားဖူးလာပြည်သူများ အနားယူနိုင်မည့် သုခမ္မာဇရပ်များကို ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက်ဆောက်လုပ်ထားသည်။

ပဥ္စမထူးခြားချက်မှာ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ရတနာပလ္လင်တော်ထက်၌ ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရတနာပလ္လင်တော်ထက်၌ ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက် သား သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိ ဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့သည်။

**အရှည်တည်တံ့ခိုင်မြဲ**

ဆဋ္ဌမထူးခြားချက်မှာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၄ ရက် ပန္နက်ရိုက်ခဲ့သည့်နေ့မှ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ရက်ပေါင်း ၁၁၁၁၊ သုံးနှစ်နှင့် ၁၆ ရက် ကြာမြင့်ခဲ့သည်။ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ တန်အထိ ခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီးထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက်တည်ဆောက်ခဲ့သည်။

ရင်ပြင်တော်တွင် စိမ်းစို စိုပြည်လှပသည့် မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များအသုံးပြု၍ မန္တလေးမြို့ အတုမရှိကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများ နေပြင်းသည့်အချိန်များတွင် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားသည်။ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားသည်။

**ကြည်ညိုသဒ္ဓါစိတ်တိုးပွား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာထုံးများနှင့်အညီ အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထူးခြားသည့် ရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်နိုင်သဖြင့် အများပြည်သူတို့ ဝမ်းမြောက်နုမောသာခုခေါ်ဆိုကြသည်။ ကြည်ညိုသဒ္ဓါစိတ်များ တိုးပွားများပြားလာကြသည်။ ဇွန်လ ၂၉ ရက်နေ့ နိုင်ငံတော်အကြီးအကဲက ရှင်းလင်းပွဲပြုလုပ်သည့် တစ်ရက်တည်းတွင် အခမ်းအနားတက်ရောက်လာကြသူအလှူရှင် ၁၀၁ ဦးက သဒ္ဓါတရားစိတ်ထက်သန်စွာဖြင့် အလှူငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ) လှူဒါန်းခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုလျှင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုနှင့် ပတ်သက်သည်တို့ကို နိုင်ငံတော်အကြီးအကဲ ရှင်းလင်းပြောကြားမှုများအရ အသေးစိတ်သိရှိခဲ့ရပါသည်။ ဤသို့ထူးခြားလှသည့် ကမ္ဘာ့အံ့ဖွယ် ကျောက်ဆစ်ရုပ်ပွားတော်တစ်ဆူဖြစ်လာမည့် ဉာဏ်တော်အမြင့်ဆုံး "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အောင်မြင်စွာ တည်ထားနိုင်သည့် သာသနာတော်အကျိုးကို ထူးခြားစွာ သယ်ပိုးထမ်းဆောင်နိုင်မှုများကြောင့် အများပြည်သူတို့ မြတ်စွာဘုရားရှင်အား ကြည်ညိုရသည့် ပီတိကုသိုလ်အဟုန်များ တိုးပွားပြီး ကမ္ဘာလောကတစ်ခုလုံး ငြိမ်းချမ်းသာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

■

## ရေကြောင်း သတိပေးချက်

Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်ချင်းသည့် သင်္ဘော CS.Nusantara Explorer ဖြင့် မြန်မာအထူးသီးသန့်စီးပွားရေးဇုန်အတွင်း ကေဘယ်ကြိုးကို Rov သုံး၍ ပင်မလိုင်းခွဲ ယူနစ်(၁) တပ်ဆင်ထားသောနေရာတွင် သောင်တူးခြင်းဖြင့် မြှုပ်နှံခြင်း ဆောင်ရွက်သွားမည့် ဧရိယာများ ဖြစ်သော မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၇.၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆.၆၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၁၀၉ မိနစ် အတွင်း၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၁၃ မိနစ် အတွင်း၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၆၈ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၁၃ မိနစ် အတွင်း၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃.၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၁၆၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၁၃ မိနစ်အတွင်း၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လည်းကောင်း၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅.၉၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၃၁.၉၆၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂.၄၁၇ မိနစ်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်(Myanmar Exclusive Economic Zone)အတွင်း ပင်လယ်ရေအောက်ဖိုင်ဘာကေဘယ် သွယ်တန်းခြင်းလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာ ဧရိယာများအတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒီဇင်ဘာအိမ်ရာ၊ ချယ်ရီ(၁)လမ်း၊ အခန်းအမှတ် (၃၀၂)၊ တိုက်အမှတ် (၁၁၉)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၇-၇-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ အလံပုံစံ**

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက် ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာ သာသနာလင်္ကာရစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သူရိယာရာမကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရွှေလှိုင်စာသင်တိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ရှင်မတောင်ပရိယတ္တိ စာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ဝါယာလက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ခမ္မောဒယကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မင်္ဂလာအောင်မြေ ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ မကျည်းတောကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဒေဝနိမ္မိတာရုံကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေသာစည်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေရှည်ဖွံ့ဖြိုးတိုးတက်သော သဘာဝရော်ဘာထုတ်လုပ်မှုဖြစ်စေရေး ကြိုးပမ်း



**နေပြည်တော် ဇူလိုင် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ရေရှည်တည်တံ့သော တန်ဖိုးမြင့် သဘာဝရော်ဘာထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရော်ဘာ စိုက်ပျိုးထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်းဆိုင်ရာများ၊ တန်ဖိုးမြင့် ရော်ဘာထုတ်လုပ်မှုလမ်းစဉ်ဖြင့် ထုတ်လုပ်ခြင်းနှင့် အနာဂတ်ရော်ဘာဈေးကွက်အလားအလာတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ရော်ဘာအခြေခံသည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် တိုက်တွန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ရေတိုရေရှည် အစီအမံများ ချမှတ်ဆောင်ရွက်ရန်လိုအပ်ချက်များ၊ ရော်ဘာအပင်အိုများနေရာတွင် အထွက်နှုန်းမြင့်မားသော ပျိုးပင်များ အစားထိုးစိုက်ပျိုးနိုင်ရေး၊ ရော်ဘာနှင့်သားရေပစ္စည်းထုတ်လုပ်မှုတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုထုတ်လုပ်နိုင်ရေးနှင့် ရော်ဘာနှင့်သားရေပစ္စည်း အခြေခံကုန်ချောထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်မည့် အခွင့်အလမ်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အရည်အသွေးကောင်း ရော်ဘာတင်ပို့မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်ပသို့ တင်ပို့သော ရော်ဘာများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် သတ်မှတ်ကုန်စည်လိုင်းကို တင်ပို့ပါက ပို့ကုန်ရငွေအပေါ် ကန့်သတ်ချက်များ ဖြေလျှော့ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ(၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၈**

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ (National Seed Committee–NSC) ၏ (၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ (NSC) ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် NSC ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group)များမှ အဖွဲ့ခေါင်းဆောင်များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီ (Technical Seed Committee) တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ(NSC) ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မျိုးစေ့ဆိုင်ရာ၊ မြေသြဇာဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များသည် သက်ဆိုင်ရာ လုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်တွင် စနစ်တကျဖြင့် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ထားခြင်းအပေါ် လယ်ယာကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး ထဲထဲဝင်ဝင် သိရှိနားလည်ပြီး တိတိကျကျ လိုက်နာကျင့်သုံးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ မျိုးကောင်းများ ထိန်းသိမ်းနိုင်ရေးနှင့် မျိုးသန့်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရန် သုတေသနကဏ္ဍနှင့် နည်းပညာပြန့်ပွားရေးကဏ္ဍ တာဝန်ရှိသူများ၊ ပုဂ္ဂလိကနှင့် တောင်သူလယ်သမားများ ပူးပေါင်း၍ ဒေသတွင်းနှင့် နိုင်ငံတကာ၏ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်သော မျိုးစေ့များကို တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ပြည်တွင်းမျိုးစေ့ထုတ်လုပ်မှုပိုမိုဖွံ့ဖြိုးလာရေးနှင့် မျိုးစေ့ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မျိုးသစ်များမှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိပြီးသော မျိုးများကို တင်သွင်းဖြန့်ဖြူး တင်ပို့ခြင်းလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် မျိုးစေ့စီးပွားရေးလုပ်ငန်း နယ်ပယ်အတွင်း မသမာမှုများ ကာကွယ်နိုင်ရေးအတွက် မျိုးစေ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များ (Technical Working Group) နှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (Technical Seed Committee) တို့၏ အဆင့်ဆင့် စိစစ်တင်ပြချက်များကို အခြေခံကာ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ (NSC) အနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ လယ်ယာသီးနှံ ၆၃၂ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၇၁၆ မျိုး၊ စက်မှု သီးနှံ ၁၂၇ မျိုးနှင့် မိဘမျိုးလိုင်း ၁၇၅ စုံ စုစုပေါင်းမျိုးသစ်မျိုးပြား ၁၆၁၄ မျိုးအတွက် မျိုးသစ်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် သီးနှံ ရှစ်မျိုး၏ မျိုးသစ်မျိုးကွဲ ၂၉ မျိုး၊ အချက်အလက်အပြည့်အစုံဖြင့် စုစည်းတင်ပြရမည့် သီးနှံ ၁၁ မျိုး၏ မျိုးကွဲ ၃၁ မျိုးနှင့် မိဘမျိုးလိုင်း ၁၂ စုံ စုစုပေါင်းမျိုးသစ်မျိုးကွဲ ၇၁ မျိုးတို့နှင့်စပ်လျဉ်း၍ မျိုးသစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုအခြေခံသင်တန်းများ ဖွင့်လှစ်



**ပြည် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်သော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု အခြေခံသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း သရေခေတ္တရာဇုန်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုအခြေခံသင်တန်းများ ဖွင့်လှစ်ရာတွင် အခြေခံဧည့်ကြိုသင်တန်း၊ အခြေခံအစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းနှင့် အခြေခံအိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ပြီး ယင်းသင်တန်းများသို့ ဒေသတွင်း ဟိုတယ်နှင့် ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းရှင်များအပါအဝင် သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၅၆ ဦး တက်ရောက်ကြကာ သင်တန်းတွင် ရန်ကုန်မြို့မှ ဝါရင့်ကျွမ်းကျင်ပညာရှင် နည်းပြဆရာများက နိုင်ငံတကာ စံနှုန်းများဖြင့် အဆိုပါကဏ္ဍအလိုက် ဝန်ဆောင်မှု ပညာရပ်များကို သင်တန်းကာလ ၁၀ ရက်အတွင်း တစ်ရက်လျှင် သင်တန်းချိန် ခြောက်နာရီကြာ စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ညောင်တုန်း ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမှတ်(၅) ရပ်ကွက် စာတိုက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အရှည်ပေ ၇၀၀၊ အကျယ် ၁၆ ပေ၊ ဒု ရှစ်လက်မဖြင့် Emerald Delta ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီးနှင့် ရန်ကုန်ကလေးဆေးရုံကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီးသို့ရောက်ရှိပြီး မွေးကင်းစကလေးအထူးကြပ်မတ်ကုသဆောင်၊ နှလုံးနှင့် သွေးကြောခွဲစိတ်အထူးကြပ်မတ်ကုသဆောင်၊ ကလေးအထူးကြပ်မတ်ကုသဆောင်၊ နှလုံးနှင့် သွေးကြောပိုက်သွင်းစမ်းသပ်ကုသခန်းတို့၌ ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ကလေးဆေးရုံကြီးသို့ သွားရောက်ကာ ဆေးရုံအတွင်း ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါဆေးရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိုးတွင်းကာလဖြစ်သည့်အတွက် တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း (Fever Surveillance)၊ ခြင်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး ဆေးကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများကို ဆေးသုတေသနဦးစီးဌာန၌ တွေ့ဆုံ၍ ယခုရာသီသည် မိုးတွင်းကာလဖြစ်သည့်အတွက် တုပ်ကွေးရောဂါများ၊ နမိုးနီးယား အဆုတ်ရောင်ရောဂါများ၊ ဦးနှောက်ရောင်ရောဂါများ ဖြစ်ပွားမှုကို တွေ့ရှိရပါကြောင်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသက်(၅)နှစ်အောက်ကလေးငယ်များတွင် ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားအောင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ဦးစီးဌာနမှူးများက ဦးဆောင်၍ အနုစိတ်စီမံချက် (Microplan) များ ရေးဆွဲကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ အပိုဆောင်းကာကွယ်ဆေးထိုးနှံမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကူးစက်ရောဂါများ နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် လူနာနှစ်ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် လူနာသုံးဦးကိုလည်းကောင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ ယခုအခါ တတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုအား လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာ ဦးပြည့်ဖြိုးဇော်နှင့် ညီမဖြစ်သူ အသည်းအလှူရှင် ဒေါ်သွယ်နီကိုတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၄၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၆၂,၉၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၁၂) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၁၃) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လားရှိုးမြို့၊ ကွတ်ခိုင်မြို့နှင့် စစ်တွေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တောရကျောင်းတိုက်နှင့် ကွတ်ခိုင်မြို့ရှိ ပြည်လုံးချမ်းသာဘုန်းတော်ကြီးကျောင်းတိုက်တို့မှ သံဃာတော် ၁၄၄ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၄ ပါးနှင့် ဒေသခံပြည်သူ ၃၇ ဦးတို့ကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ မုန်တိုင်းသင့် ဒေသခံပြည်သူများအား ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ သွေးတိုးရောဂါ၊



ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုး/ အကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးဇူးကြီးလှသော ဆရာ့စကား

ရေနံ့သာမောင်ကျော်ညွန့်

ကျွန်တော်ငယ်စဉ် လေးတန်းကျောင်းသားဘဝတွင် ကျွန်တော်တို့၏ ငယ်ဆရာကြီးဦးသာအေးက လေးတန်းမြန်မာဖတ်စာထဲမှာပါသည့် "စာတိုညို" ပြဇာတ်ကို သင်ပေးသည်။ ကျွန်တော်တို့ ကိုယ်တိုင်ပါဝင်သရုပ်ဆောင်စေပြီး ဇာတ်ဟန်ခင်းကျင်းနည်း သင်ကြားမှုပုံစံဖြင့် သင်ကြားပေးနေခြင်းဖြစ်သည်။ ကျွန်တော်တို့ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ကြရသဖြင့် ပျော်ရွှင်နေကြသည်။

"စာတိုညို" ပြဇာတ်သည် လယ်သမားဘဝမှ မင်းတိုင်ပင် ပညာရှိအမတ်ကြီးဖြစ်သွားသော ဝန်ဇင်းဘိုးရာဇာအကြောင်းကို ရေးဖွဲ့ထားသည့် ပြဇာတ်ဖြစ်သည်။ "စာတိုညို" ပြဇာတ်နှင့်ဆက်စပ်ပြီး "စာမတတ်တဲ့သူက ထိုင်နေတဲ့သူနဲ့ တူတယ်။ စာတတ်တဲ့သူက မတ်တတ်ရပ်နေတဲ့သူနဲ့ တူတယ်။ စာလည်းတတ်၊ စာလည်းဖတ်တဲ့သူကတော့ ခရီးသွားနေတဲ့သူနဲ့ တူတယ်။" ဟု ဆရာကြီးဦးသာအေးက ပြောပြသည်။

**ကြီးပွားတိုးတက်ချင်ရင် အလုပ်လုပ်**

ဆရာကြီးဦးသာအေးက "ငုတ်တုတ်ထိုင်နေတဲ့သူက ဘေးပတ်လည်မှာရှိနေတဲ့ ပတ်ဝန်းကျင်ကို မြင်လည်းမမြင်ဘူး၊ သိလည်းမသိဘူး အမြင်ကျဉ်းတာပေါ့။ စာမတတ်တဲ့သူကလည်း ငုတ်တုတ်ထိုင်နေတဲ့သူလိုပဲ။ ဘေးပတ်လည်မှာရှိနေတဲ့ ပတ်ဝန်းကျင်ကို မမြင်ဘူး၊ မသိဘူး။ ဒီတော့ အမြင်မကျယ်ဘူး။ အမြင်ကျဉ်းတယ်။ အမြော်အမြင်မရှိဘူး။ အမြော်အမြင်မရှိတဲ့သူက မကြီးပွားဘူး။ မတိုးတက်ဘူး။ ဆင်းရဲတွင်း နစ်နေမှာပဲ။ ထိုင်ရာမထ ငုတ်တုတ်ထိုင်နေတဲ့သူက အလုပ်လုပ်ရမှာ ပျင်းလို့ ထိုင်နေတာပဲ။ စာမတတ်တဲ့သူကလည်း စာသင်ရမှာပျင်းပြီး စာမသင်လို့စာမတတ်တာပဲ။ ထိုင်ရာမထငုတ်တုတ်ထိုင်နေတဲ့သူနဲ့ စာမတတ်တဲ့သူကတော့ မကြီးပွား မတိုးတက်နိုင်ပါဘူး။ ဒါကြောင့် စာမတတ်တဲ့သူက ထိုင်နေတဲ့သူနဲ့ တူတယ်လို့ ပြောပြတာ။ ကြီးပွားတိုးတက်ချင်ရင် အလုပ်လုပ်ရမှာ။ ပျင်းပြီးထိုင်မနေနဲ့။ စာသင်ရမှာ ပျင်းပြီး စာမသင်ဘဲမနေနဲ့။ စာတတ်အောင်သင်ကြရမယ်။"ဟု ပြောပြသည်။

တစ်ဆက်တည်း ဆရာကြီးဦးသာအေးက "မင်းတို့အားလုံး ခုဘယ်မှာ ထိုင်နေတာလဲ" ဟု ကျွန်တော်တို့ကိုမေးပါသည်။ "အခန်းထဲမှာ ထိုင်နေတာပါခင်ဗျာ။" ဟု ကျွန်တော်တို့က ဖြေလိုက်သည်။ "ဟုတ်ပြီ။ ခုချက်ချင်း ထိုင်ရာကနေ မတ်တတ်ရပ်လိုက်ကြစမ်းပါ"ဟု ပြောပြန်သည်။ ကျွန်တော်တို့အားလုံး မတ်တတ်ရပ်လိုက်ကြရသည်။ "ဟုတ်ပြီ။ မင်းတို့အားလုံး မတ်တတ်ရပ်နေရာကနေ ဘေးပတ်လည်ကို မင်းတို့မျက်စိနဲ့မြင်ရတဲ့နေရာအထိ ကြည့်လိုက်ကြစမ်းပါဦး။"ဟု ဆရာကြီးက ပြောပြန်သည်။ ကျွန်တော်တို့အားလုံးကလည်း လေးဘက်လေးတန်လှည့်ပြီး ကြည့်လိုက်ကြသည်။ ခဏလောက်ကြာတော့ ဆရာကြီးက "ကဲ၊ ကဲကဲ အားလုံးထိုင်ကြပါ"ဟု ပြောလိုက်သည်။ ကျွန်တော်တို့အားလုံးထိုင်ကြရသည်။

"ခုနက မင်းတို့ မတ်တတ်ရပ်ကြည့်လိုက်တော့ ဘာတွေမြင်ကြရလဲ။ မင်းတို့မြင်ရတာတွေ ပြောပြကြကွာ"ဟု မေးသည်။ ကျွန်တော်တို့ အများကြီး မြင်လိုက်ရသည်။ ယာခင်းထဲတွင် ပေါင်းနုတ်နေကြသူများ၊ ယာထွန်နေကြသူများ၊ ယာခင်းထဲက သီးနှံပင်များ၊ သစ်ပင်ကြီးများ၊ ထန်းပင်ကြီးများ၊ တောင်တန်းများ၊ ပျံသန်းနေသည့် ကျေးငှက်များ၊ နွား၊ ဆိတ်၊ ဝက် တိရစ္ဆာန်များ၊ မှိုင်းပျပျတောင်တန်းများစသည်ဖြင့် အမျိုးမျိုးအဖုံဖုံ မြင်ကြရသည်။ အပြာရောင်ကောင်းကင်ကြီးကို မြင်လိုက်ရသလို ဟိုးဝေးဝေးက မိုးကုပ်စက်ဝန်းကိုပင် ခပ်ရေးရေး မြင်လိုက်ရသည်။ ကျွန်တော်တို့ မျက်စိထဲမြင်ရသည်များကို တစ်ယောက်တစ်မျိုးနှင့် အမျိုးမျိုးပြောပြလိုက်ကြသည်။ ကျွန်တော်တို့ ပြောပြနေသည်များကို ဆရာကြီးက ပြုံးပြုံးကြီးနားထောင်နေပါသည်။

"ခုန မင်းတို့မြင်လိုက်ရတာတွေက အများကြီးပဲနော်။ အဲဒါတွေကို မြင်ရတာက ထိုင်ပြီး ကြည့်ရင်း မြင်ရတာလား။ မတ်တတ်ရပ်ပြီးကြည့်တော့မှ မြင်ရတာလား။"

"မတ်တတ်ရပ်ပြီးကြည့်တော့မှမြင်ရတာပါ"

"ဟုတ်တာပေါ့။ အခန်းထဲမှာပဲ ထိုင်ပြီးကြည့်ရင်တော့ အခန်းထဲမှာရှိတဲ့ မြင်နေကျမြင်နေရတာတွေကိုပဲ မြင်ရမယ်။ မတ်တတ်ရပ်ကြည့်လိုက်တော့ မင်းတို့ရဲ့ပတ်ဝန်းကျင်မှာ ရှိနေတာတွေကို မြင်လိုက်ရတာအများကြီးပဲ။ ဒီတော့ထိုင်ပြီး ကြည့်တာနဲ့ မတ်တတ်ရပ်ပြီးကြည့်တာမှာ ဘယ်ဟာက ပိုပြီးအများကြီးမြင်ရမလဲ။"

"မတ်တတ်ရပ်ပြီးကြည့်တာက အများကြီး မြင်ရပါတယ်။"

"ဟုတ်ပါတယ်။ ထိုင်ပြီးကြည့်တာက နေရာကျဉ်းကျဉ်းလေးပဲမြင်ရတယ်။ မြင်ရတဲ့အမြင်က ကျဉ်းနေတယ်။ ဒီတော့အမြင်ကျဉ်းမြောင်းတာပေါ့။ မတ်တတ်ရပ်ပြီးကြည့်လိုက်တော့ ဘေးပတ်ဝန်းကျင်မှာ ရှိနေတာတွေကို အများကြီးမြင်ရတယ်။ မြင်ရတဲ့မြင်ကွင်းကလည်းအကျယ်ကြီးပဲ၊ မြင်ရတာကျယ်တယ်။ ဒီတော့အမြင်ကျယ်ပြန့်တာပေါ့။ ကျဉ်းကျဉ်းလေးမြင်ရတော့ ကျဉ်းကျဉ်းလေးပဲ သိတယ်။ အများကြီးမြင်ရတော့ အများကြီးသိတယ်။ ထိုင်ရင်းကြည့်တဲ့သူက အမြင်ကျဉ်းတယ်။ အမြင်ကျဉ်းတော့ အသိနည်းတယ်။ မတ်တတ်ရပ်ပြီး ကြည့်တဲ့သူက အမြင်ကျယ်တယ်။ အမြင်ကျယ်တော့ အသိကြွယ်တယ်။ ထိုင်နေတဲ့သူထက် မတ်တတ်ရပ်တဲ့သူက အမြင်ပိုတယ်၊ အသိပိုတယ် ဆိုတာကို မင်းတို့လက်တွေ့မျက်မြင်ပဲ။"

ထိုင်နေခြင်းထက် မတ်တတ်ရပ်နေခြင်းက ပိုပြီးအမြင်ကျယ် အသိပိုကြောင်းကို လက်တွေ့ပြလိုက်ခြင်းဖြစ်သည်။

**ရှေ့ကိုတိုးပြီးသွားနေလေလေ အများကြီးမြင်ရလေလေပါပဲ**

"မတ်တတ်ရပ်ပြီးမြင်ရတာထက် ရှေ့ကို ခြေတစ်လှမ်းတိုးပြီးသွားရင် တစ်လှမ်းစာပိုပြီး မြင်ရတယ်။ ခြေလှမ်းတွေအများကြီး တိုးပြီး၊ တိုးပြီးသွားရင်အများကြီး တိုးပြီး၊ တိုးပြီး မြင်ရတာပေါ့။ ရပ်နေရာကနေ ရှေ့ကို တိုးပြီးသွားနေလေလေ အများကြီးမြင်ရလေလေပါပဲ။ အများကြီးမြင်ရတော့ အများကြီးသိလာတာပေါ့ကွာ။ မတ်တတ်ရပ်ကြည့်နေလို့ကတော့ မြင်ရုံပဲမြင်နေရမယ်။ လက်ဆုပ်လက်ကိုင်မတွေ့ရဘူး။ မြင်တဲ့နေရာကို ရောက်အောင်သွားမှ လက်ဆုပ်လက်ကိုင်တွေ့ရမှာပဲ။ မြင်တဲ့နေရာကို ရောက်အောင်သွားလိုက်တော့ အမြင်ပိုလာတယ်၊ အသိပိုလာတယ်၊ ခရီးလည်း ရောက်တယ်ဆိုတာကို မှတ်ထားကြရမယ်။"

ဆရာကြီးဦးသာအေး ပြောပြနေသည်များကို ကျွန်တော်တို့ ငြိမ်ငြိမ်သက်သက် နားထောင်နေကြပါသည်။

"စာတတ်ပြီဆိုတဲ့သူက မတ်တတ်ရပ်လိုက်တာနဲ့ တူတာပေါ့။ ထိုင်ရာကနေ မတ်တတ်ရပ်လိုက်တော့ ပတ်ဝန်းကျင်ကို ကျယ်ကျယ်ပြန့်ပြန့် မြင်လာသလို စာတတ်တဲ့သူကလည်း စာထဲမှာရှိနေတာတွေကို မြင်လာတယ်။ စာထဲမှာကအသိပညာတွေ၊ အတတ်ပညာတွေရှိတယ်။ စာထဲမှာရှိနေတဲ့ အသိပညာတွေ၊ အတတ်ပညာတွေကို စာတတ်တဲ့သူကပဲ မြင်နိုင်ပါတယ်။ စာမတတ်တဲ့သူက မမြင်နိုင်ပါဘူး။ မြင်နေရတဲ့စာထဲက အသိပညာတွေ၊ အတတ်ပညာတွေကို ရအောင်ယူကြရမယ်။

> **"အမြော်အမြင်မရှိတဲ့သူက မကြီးပွားဘူး။ မတိုးတက်ဘူး။ ဆင်းရဲတွင်း နစ်နေမှာပဲ။ ထိုင်ရာမထ ငုတ်တုတ်ထိုင်နေတဲ့သူက အလုပ်လုပ်ရမှာ ပျင်းလို့ထိုင်နေတာပဲ။ စာမတတ်တဲ့သူကလည်း စာသင်ရမှာ ပျင်းပြီး စာမသင်လို့ စာမတတ်တာပဲ။ ထိုင်ရာမထ ငုတ်တုတ်ထိုင်နေတဲ့သူနဲ့ စာမတတ်တဲ့သူကတော့ မကြီးပွားမတိုးတက်နိုင်ပါဘူး။ ဒါကြောင့် စာမတတ်တဲ့သူက ထိုင်နေတဲ့သူနဲ့တူတယ်လို့ ပြောပြတာ။ ကြီးပွားတိုးတက်ချင်ရင် အလုပ်လုပ်ရမှာ။ ပျင်းပြီးထိုင်မနေနဲ့။ စာသင်ရမှာပျင်းပြီး စာမသင်ဘဲမနေနဲ့။ စာတတ်အောင်သင်ကြရမယ်"**

ရအောင်ယူဖို့ကတော့ စာဖတ်ရမှာပဲ။ စာဖတ်ရုံနဲ့လည်း မပြီးသေးဘူး။ ဖတ်ထားတာတွေကို မှတ်သားထားရမယ်။ ဖတ်ပြီးမှတ်သားထားမှလည်း စာထဲမှာရှိနေတဲ့ အသိပညာတွေနဲ့ အတတ်ပညာတွေကို ရရှိလာမှာပဲ။"

ကျွန်တော်တို့အားလုံးသည် ဆရာကြီး ဆက်ပြောမည့်စကားများကိုသာ စိတ်ဝင်စားနေကြသည်။

**စာဖတ်လို့ရလာတဲ့ အကျိုးကျေးဇူးတွေ**

"စာဖတ်ပြီး မှတ်သားထားတာတွေက ဘဝတစ်လျှောက်လုံးအတွက် အကျိုးရှိပါတယ်။ ပျောက်ပျက်တိမ်ကောမသွားပါဘူး။ ဖတ်ပြီးမှတ်ထားတာတွေက အမြဲတမ်းအလင်းရောင်တွေ ဖြာထွက်နေတယ်။ အဲဒီအလင်းရောင်တွေက မှေးမှေးမှိန်မှိန်မဟုတ်ဘူး။ ထိန်ထိန်လင်းနေတယ်။ လျှောက်နေရတဲ့ ဘဝလမ်းတစ်လျှောက်မှာ ရှေ့ကနေ လမ်းပြပေးနေတယ်။ ဘဝရှေ့ဆောင်အလင်းရောင်တွေပါပဲ။ စာထဲကရလာတဲ့ အလင်းရောင်တွေက မီးမောင်းထိုးပြနေတော့ အမှောင်ထဲမှာ မမြင်မကန်းနဲ့ စမ်းတဝါးဝါး လျှောက်နေရတာမဟုတ်ဘူး။ လင်းလင်းကျင်းကျင်း အလင်းရောင်အောက်မှာ လျှောက်နေရတာပါ။ ဒီတော့လမ်းမမှားဘူး၊ လမ်းစမပျောက်ဘူး။ အန္တရာယ်အယှက်ပေးမယ့် ဘေးရန်အန္တရာယ်ကိုလည်း မြင်နေရတယ်။ ဒီတော့အနှောင့်အယှက်ပေးမယ့် ဘေးရန်အန္တရာယ်တွေကို ရှောင်ကွင်းနိုင်တာပေါ့။ ခလုတ်မထိ ဆူးမငြိဘဲ ခရီးလျှောက်လိုက်တော့ ခရီးပေါက်၊ ခရီးရောက်တယ်။ ခရီးပေါက်သလောက်၊ ရောက်သလောက်လည်း အရာထင်ပါတယ်။ ကောင်းကျိုးချမ်းသာတွေကို ရရှိခံစားကြရပါတယ်။ အဲဒါတွေကတော့ စာဖတ်လို့ရလာတဲ့ အကျိုးကျေးဇူးတွေပါပဲ။" ဟု စာဖတ်ပြီး မှတ်သားရာကနေရလာသည့် အကျိုးကျေးဇူးများကို ဆရာကြီးဦးသာအေးက တသီတတန်းကြီး ပြောပြနေခြင်းဖြစ်ပါသည်။

"ဘယ်သူမဆိုကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင် တည်ဆောက်ကြရတဲ့သူတွေချည်းပါ။ ဆရာ့တပည့်တွေလည်း တပည့်တို့ဘဝကို တပည့်တို့ကိုယ်တိုင် တည်ဆောက်ကြရမှာပဲ။ ဘဝတစ်ခုတည်ဆောက်တဲ့အခါမှာ ထိုင်နေတဲ့သူက မတ်တတ်ရပ်နေတဲ့သူထက် နိမ့်ကျမယ်။ မတ်တတ်ရပ်လိုက်တဲ့သူက ထိုင်နေတဲ့သူထက် မြင့်မယ်။ ဒါကြောင့် ထိုင်ပြီးအချိန်မဖြုန်းပါနဲ့။ ထိုင်နေတာကြာလေလေ နိမ့်ကျလေလေပါပဲ။ မတ်တတ်ရပ်နေတဲ့သူကလည်း သွားနေတဲ့သူထက် နောက်ကျနေဦးမှာပဲ။ သွားနေတဲ့သူကတော့ မတ်တတ်ရပ်နေတဲ့သူထက် အရင်ရောက်မှာပေါ့။ တချို့ကမတ်တတ်ရပ်ပြီး ဆက်လျှောက်ရကောင်းနိုးနိုး၊ ဆက်မလျှောက်ဘဲနေရရင် ကောင်းနိုးနိုးနဲ့ တွေဝေပြီးနေတတ်တယ်။ တွေဝေနေလို့ကတော့ ခရီးမရောက်တော့ဘူး။ တွေဝေမနေဘဲ လျှောက်နေမှ ခရီးပေါက်လို့ ခရီးရောက်မှာပါ။ မလျှောက်ဘဲ၊ မသွားဘဲနဲ့တော့ ခရီးမရောက် ခရီးမပေါက်ပါဘူးကွာ"ဟု ဆရာကြီးက ပြောပြပါသည်။ နားထောင်ရသည်မှာ အရသာရှိလှသည်။ ဆရာကြီးက ကျွန်တော်တို့အားလုံးကို စိတ်ဓာတ်ခွန်အား ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။

**ဘဝတည်ဆောက်တဲ့နေရာမှာ အသုံးချ**

"အဲဒီလိုပါပဲ။ စာမတတ်တဲ့သူက စာတတ်တဲ့သူရဲ့ရှေ့မှာ မရှိဘူး။ စာမတတ်တဲ့သူက စာတတ်တဲ့သူရဲ့ နောက်မှာပဲရှိနေမယ်။ စာတတ်တယ်ဆိုတဲ့သူကလည်း စာဖတ်ရဦးမယ်။ စာမဖတ်ရင်တော့ စာဖတ်တဲ့သူရဲ့နောက်မှာပဲ ရှိနေမယ်။ စာဖတ်ရင်လည်းဖတ်တဲ့စာကို မှတ်သားဖို့လိုတယ်။ ဖတ်ပြီးမမှတ်ဘူးဆိုရင်တော့ ဖတ်ပြီးမှတ်တဲ့သူရဲ့နောက်မှာရှိနေမှာပဲ။ ဖတ်ပြီး မှတ်သားထားတာတွေကိုလည်း ဘဝအတွက် အသုံးချရမယ်။ ဒါမှအကျိုးရှိမယ်။ တချို့က ဖတ်ပြီးမှတ်ထားတာတွေကို အသုံးချရကောင်းမှန်းမသိဘူး။ ဒီတော့ ဖတ်ပြီးမှတ်ထားတာတွေက အလကားဖြစ်ကုန်တာပေါ့။ ဖတ်ပြီးမှတ်ထားတာတွေကို အသုံးချရကောင်းမှန်းသိနေတဲ့သူက အသုံးချရကောင်းမှန်းမသိတဲ့သူထက် သာလွန်နေမှာပဲ။ သူတကာထက် သာလွန်မြင့်မားတဲ့ဘဝကို ရပိုင်ဖို့ကတော့ စာများများဖတ်ပြီး များများ မှတ်သားနေကြရမယ်။ မှတ်သားထားတာတွေကို ဘဝတည်ဆောက်တဲ့နေရာမှာ အသုံးချရမယ်။ များများဖတ် များများမှတ်ပြီး မှတ်သားထားတာတွေကို လိုအပ်တဲ့နေရာမှာ လိုအပ်သလို အသုံးချတဲ့သူကတော့ ပြဇာတ်ထဲက စာတိုညိုလို သူကောင်းပြုခံရမှာပါပဲ"ဟု ဆရာကြီးက ပြောပြသည်။

ကျွန်တော်တို့ ငယ်ဆရာကြီး ဦးသာအေးက ကျွန်တော်တို့ကို စာတွေအများကြီးတတ်မြောက်အောင် သင်ယူကြစေချင်သည်။ စာအများကြီး တတ်မြောက်သည်နှင့်အမျှ အများကြီး စာဖတ်ပြီး အများကြီးမှတ်သားစေချင်သည်။ စာဖတ်ပြီး ရလာသည့် အသိပညာ၊ အတတ်ပညာများကို လက်တွေ့ဘဝတွင် အသုံးချစေချင်သည်။ ထိုသို့သောစေတနာများထားကာ "စာတိုညို" ပြဇာတ်နှင့်ဆက်စပ်ပြီး အဆုံးအမစကားကို ပြောပြခဲ့ခြင်းဖြစ်သည်။

၁၉၆၇-၁၉၆၈ ခုနှစ်ခန့်တွင် ကျွန်တော်တို့ ဆရာကြီးဦးသာအေး ပြောပြခဲ့သောစကားက ကျွန်တော်တို့ တည်ဆောက်ကြရမည့်ဘဝကို ခိုင်မာအောင် ကျွန်တော်တို့ လျှောက်လှမ်းရမည့်ဘဝလမ်းကြောင်းကို မတိမ်းစောင်းအောင် အမြဲတစေ ထိန်းကျောင်းပေးလျက်ရှိသည်။ ဆရာကြီး ဦးသာအေး၏ ကျေးဇူးကား ထုတ်ဖော်၍မကုန်နိုင်အောင် များပြားကြီးမားလွန်းလှပါသတည်း။ ။

# တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ (၂/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) (၁/၂၀၂၃) နှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ (၂/၂၀၂၃) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိဆောက်လုပ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သော နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ အသုံးစရိတ်များ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေး၊ ရခိုင်ပြည်နယ်တွင် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့အတွက် ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ယနေ့အစည်းအဝေးကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ခန့်မှန်းခြေစာရင်းများ တွက်ချက်ရာတွင် ကွဲလွဲချက်များ မရှိစေရေး သတ်မှတ်ချက်အတိုင်း မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ခြင်းဖြစ်ကြောင်း၊ နည်းပညာပိုင်းနှင့် ဒီဇိုင်းပုံစံများ ဆောင်ရွက်ရာတွင် အကုန်အကျသက်သာစေရန်နှင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီပြီးစီးရေး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း) ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဘဏ္ဍာရေးရသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲတင်ပြရာတွင် လိုက်နာဆောင်ရွက်ရန်အချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ ၊ မူဝါဒများ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များကို တိတိကျကျ လိုက်နာရေး၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းပညာရေးတက္ကသိုလ်တွင်(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်တန်း)၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံအရာရှိများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က “အာဇာနည်နေ့ဒို့မမေ့” ဆိုသည့်အတိုင်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝစွာဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသော အာဇာနည်သူရဲကောင်းများ၏သမိုင်းနှင့် လေ့လာမှတ်သားသင့်သည့် အကြောင်းများကို ပြောကြားသည်။

ဆက်လက်၍ မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမောင်မောင်ဆွေက “အာဇာနည်စိတ်ထား လူ့စွမ်းအား’’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်ထွန်းဦးက “အာဇာနည်တို့၏ဘဝနှင့် အနာဂတ်မျှော်မှန်းချက်” ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ထို့နောက် ပါမောက္ခချုပ်က (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲတွင် ဟောပြောပေးခဲ့သူ ပါမောက္ခနှစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**



# လှိုင်ကော်မြို့၌ ယာယီတိုက်ပွဲရှောင်ဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ဆန်၊ ဆီ ပေးအပ်ပွဲအခမ်းအနား ကျင်းပ




**လှိုင်ကော် ဇူလိုင် ၁၈**

ကယားပြည်နယ် အစိုးရအဖွဲ့က မယ်စဲ့မြို့နယ်နှင့် ရှာသစ်မြို့များမှ လှိုင်ကော်မြို့သို့ ယာယီတိုက်ပွဲရှောင်ရောက်ရှိလာပြီး တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ဆန်၊ ဆီ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားရာတွင် နယ်မြေဒေသ အခြေအနေအရ လှိုင်ကော်မြို့သို့ ယာယီတိုက်ပွဲရှောင်ရောက်ရှိပြီး တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကျေပွန်မှု၊ သစ္စာရှိမှုများကို အသိအမှတ်ပြုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးနေကြောင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့် အတူလက်တွဲ၍ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက မယ်စဲ့ခရိုင်၊ မြို့နယ်နှင့် ရှာသစ်မြို့များမှ ယာယီတိုက်ပွဲရှောင်ရောက်ရှိလာပြီး လှိုင်ကော်မြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ဆန်၊ ဆီများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**လှည်းကူး ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ ဗဟုသုတများ တိုးပွားစေရန်၊ နိုင်ငံ့သားကောင်းရတနာများ တိုးပွားစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မေဃဝတီ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မေဃဝတီ အခြေခံပညာအလယ်တန်းကျောင်းမှ လက်ထောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းအေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်မင်းညွန့်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။



ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော သုတ/ရသ၊ စာအုပ်၊ စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဂုံးချွန်ကျေးရွာအုပ်စု လယ်ဒါပြင်ကွင်း ကွင်းအမှတ်(၄၅၁)၌ တောင်သူတစ်ဦး၏ လယ်မြေတွင် မိုးစပါးစိုက်ပျိုးရန် ကွင်းသရုပ်ပြပွဲကို သွားရောက်ကြည့်ရှုအားပေးပြီး အစိုးရရပ်ကွက်ရှိ မဟာသတိပဋ္ဌာန် မင်းဒွိန်တောရဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလစာရထံ သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မြို့ပေါ်ရပ်ကွက်များရှိအသက် (၈၅)နှစ်နှင့်အထက် အဘိုး အဘွားများအား လူမှုရေးပင်စင်များကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့သည်။



အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ကွင်း(၂၇၀-E)၊ လက်ဝဲဒက်မြောက်ကွင်း ဦးပိုင်အမှတ်(၄၆) တို့၌ စုပေါင်းထွန်ယက်ပွဲကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ သံတွဲမြို့၌ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်အမှာစကားပြောကြားပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မာန်အောင်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ခအုန်းမော်ကျေးရွာအုပ်စုနှင့် တောထူကျေးရွာအုပ်စုတို့ရှိ အဘိုး အဘွားများအား သက်ဆိုင်ရာနေရာများ၌ လူမှုရေးပင်စင် ထောက်ပံ့ငွေများ ပေးအပ်ပြီး ခအုန်းမော်ရွာသစ်ကျေးရွာရှိ ကွင်းအမှတ်(၈၆၀)ရှိ ဒေသခံတောင်သူတစ်ဦး၏ လယ်မြေတွင် ဆင်းသုခစပါးစိုက်ပျိုးနေမှုနှင့် ထွန်ယက်နေမှုများအား သွားရောက်ကြည့်ရှုသည်။ ယင်းနောက် တောထူကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံ၍ စပါးအထူးအထွက်နှုန်းတိုးရေးအတွက် လုပ်ဆောင်ရမည်များကို ဆွေးနွေးပြီး စပါးမျိုးစေ့ထုတ်ပျိုးခင်းအား သွားရောက်ကြည့်ရှုကာ အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင့်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်ရဲစခန်းအတွင်းရှိနေအိမ်လိုင်းခန်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး၊ ဖုံးသွန်လဲစစ်လုပ်ငန်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် မြို့ဦးကျေးရွာအုပ်စု ဇူလကျေးရွာရှိ ကွင်းအမှတ်(၁၀၁/ဃ)ရှိ ဒေသခံတောင်သူများ၏ လယ်မြေ၌ မိုးစပါး ဆင်းသွယ်လတ်မျိုးစပါး ပျိုးထောင်ထားရှိမှုနှင့် ထွန်ယက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၁၈

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




























အမျိုးသားသဘာဝဘေးအန္တရာယ်
ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် တူကီယဲသမ္မတအာဒိုဂန် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်



**ရီယက်ဒ် ဇူလိုင် ၁၈**

တူကီယဲနိုင်ငံ သမ္မတ အာဒိုဂန်သည် ပင်လယ်ကွေ့နိုင်ငံများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် မျှော်လင့်လျက် ဆော်ဒီအာရေဗျနိုင်ငံ အပါအဝင်နိုင်ငံသုံးနိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်ကို ဇူလိုင် ၁၇ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။


**ကြိုဆို**

တူကီယဲနိုင်ငံ သမ္မတ အာဒိုဂန်အား ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိစဉ်တွင် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်အယ်လ်ဆောက်ဒ် အပါအဝင် ဆော်ဒီနိုင်ငံ၏ အဆင့်မြင့်အရာရှိများက ကြိုဆိုခဲ့ကြကြောင်း ဆော်ဒီနိုင်ငံ၏ နိုင်ငံပိုင်သတင်းအေဂျင်စီတစ်ခုက သတင်းဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံသမ္မတ အာဒိုဂန်သည် ရင်းနှီးမြှုပ်နှံမှုများနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပင်လယ်ကွေ့နိုင်ငံများသို့ အလည်အပတ်သွားရောက်ရန် စီစဉ်ထားကြောင်းလည်း နိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်မှ မထွက်ခွာမီ တစ်ရက်အလိုကတည်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အာဒိုဂန်သွားရောက်မည့် ပင်လယ်ကွေ့နိုင်ငံ သုံးနိုင်ငံအနက် ပထမဆုံးနိုင်ငံဖြစ်ပြီး ၎င်းနောက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့် ကာတာနိုင်ငံတို့သို့ ထပ်မံသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# တရုတ်ဝန်ကြီးချုပ် အမေရိကန် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**ပေကျင်း ဇူလိုင် ၁၈**

တရုတ်ဝန်ကြီးချုပ် လီချန်းသည် အမေရိကန်သမ္မတ၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ကိုယ်စားလှယ် ဂျွန်ကယ်ရီအား ပေကျင်းမြို့တွင် ယနေ့လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

**တစ်ကမ္ဘာလုံးအတွက် အရေးကြီး**

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အရေးပါသည့်နိုင်ငံများဖြစ်ပြီး မိမိတို့နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရေးသည် တစ်ကမ္ဘာလုံးအတွက် အရေးကြီးကြောင်း လီချန်းက မှတ်ချက်ပြုပြောကြားသည်။

ယမန်နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့် သဘောတူညီချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် တရုတ်-အမေရိကန် ဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပါရီသဘောတူညီချက်နှင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း၏လုပ်ငန်းမူဘောင်များအရ ချမှတ်ထားသည့် ရည်မှန်းချက်များအတိုင်း ဘုံအကျိုးစီးပွားကို ရှေးရှုပြီး ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး တာဝန်ကို ထမ်းဆောင်ရမည်ဖြစ်ကြောင်းနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံများက ထုတ်လွှတ်သည့် ဓာတ်ငွေ့ထုတ်လွှတ်မှုများ လျှော့ချရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး အပါအဝင် ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံတွင် မော်တော်ယာဉ်မောင်းနှင်သူ၏ စိတ်ခံစားမှုကို သိရှိနိုင်သည့် လျှပ်စစ်လက်ပတ်များ ထုတ်လုပ်မည်

**တိုကျို ဇူလိုင် ၁၈**

မော်တော်ယာဉ်မောင်းနှင်သူ၏ စိတ်ခံစားမှုကို သိရှိနိုင်သည့် လျှပ်စစ်လက်ပတ်များကို ဂျပန်နိုင်ငံ အင်န်အီးစီကုမ္ပဏီက ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

၎င်းကိရိယာကို ယခုနှစ်အစောပိုင်းက ယာဉ်မောင်းများတွင် စမ်းသပ်ဝတ်ဆင်စေခဲ့ကြောင်းနှင့် ယာဉ်မောင်း၏ စိတ်လှုပ်ရှားမှုနှင့် ပင်ပန်းနွမ်းနယ်မှု အခြေအနေတို့ကို ၎င်းကိရိယာမှတစ်ဆင့် သိရှိနိုင်သည်။ ၎င်းအချက်အလက်များကို သက်ဆိုင်ရာ အငှားယာဉ်ကုမ္ပဏီများကို ပေးပို့ခြင်းဖြင့် အန္တရာယ်ကင်းသည့်ယာဉ်မောင်းနှင်မှုကို ရရှိစေမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ထပ်လောင်းပြောကြားသည်။ ၎င်းကိရိယာများကို ၂၀၂၅ ခုနှစ်တွင် စတင်အသုံးပြုမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်ထုတ်လုပ်သည့် ယမဟာကုမ္ပဏီကလည်း အလားတူကိရိယာကို ဉာဏ်ရည်တုနည်းပညာဖြင့် ထုတ်လုပ်ရေးကြိုးပမ်းနေသည်။

ယမဟာကထုတ်လုပ်မည့် ကိရိယာသည် မောင်းနှင်သူ၏ စိတ်ခံစားမှုကိုသာမက ယာဉ်တိုက်မှုဖြစ်ပွားနိုင်သည့်နေရာများကို ရှာဖွေနိုင်မည်ဟု သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# အမေရိကန်နိုင်ငံကြောင့် နျူကလီးယားဆွေးနွေးပွဲများ ရပ်တန့်နေခြင်းနှင့် တင်းမာမှုများမြင့်တက်နေခြင်းဖြစ်ဟု အီရန်ပြောကြား




**တီဟီရန် ဇူလိုင် ၁၈**

နျူကလီးယား ဆွေးနွေးပွဲ ရပ်တန့်နေခြင်းနှင့် ပင်လယ်ကွေ့ဒေသတွင် တင်းမာမှုများ မြင့်တက်နေခြင်းအတွက် အမေရိကန်နိုင်ငံတွင် တာဝန်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နာဆာကနာနီက ပြောကြားခဲ့သည်။

အမေရိကန်နှင့် အီရန်တို့အကြား နျူကလီးယားဆွေးနွေးပွဲ၏ ရလဒ်များအပေါ်တွင် ၎င်းက ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

နျူကလီးယားအရေး ဆွေးနွေးရန်အတွက် သံတမန်ရေး လမ်းကြောင်းများကို ဖွင့်လှစ်ထားကြောင်းနှင့် အမေရိကန်နိုင်ငံသည် ညှိနှိုင်း ဆွေးနွေးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင်နျူကလီးယားဆိုင်ရာ သဘောတူညီချက်ကို အနောက်အုပ်စုနိုင်ငံများနှင့် လက်မှတ်ရေးထိုးခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် အမေရိကန်က ထိုသဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သည်။ မကြာသေးမီကာလအတွင်း အီရန်က ရေနံတင်သင်္ဘောများ သိမ်းယူရေးကြိုးပမ်းခြင်းကို တုံ့ပြန်သည့်သဘောဖြင့် အမေရိကန်က ၎င်း၏ တိုက်လေယာဉ်များနှင့် သင်္ဘောများအား ဟော်မုဇ်ရေလက်ကြားသို့ စေလွှတ်ခဲ့သည်။ အမေရိကန်၏ ၎င်းလုပ်ရပ်သည် အပြုသဘောမဆောင်ဘဲ တရားမဝင်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ကနာနီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ငါးထပ်အဆောက်အအုံပြိုကျမှုကြောင့် ၁၃ ဦး သေဆုံး

**ကိုင်ရို ဇူလိုင် ၁၈**

အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုမြို့၌ ဇူလိုင် ၁၇ ရက်က ငါးထပ်အဆောက်အအုံတစ်ခု ပြိုကျမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူ ၁၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကိုင်ရိုမြို့၏ ဒုတိယမြို့တော်ဝန် ဟော့ဆမ်အီလ်ဒင်ဖော်ဇီက ဒေသတွင်း ရုပ်သံမီဒီယာတစ်ခုသို့ ပြောကြားခဲ့သည်။

အဆိုပါ ပြိုကျမှုဖြစ်ပေါ်ခဲ့သည့် ငါးထပ်အဆောက်အအုံအတွင်း၌ ၁၄ ဦးရှိနေခဲ့ပြီး ယင်းတို့အနက်တစ်ဦးမှာ အသက်ရှင်ကျန်ရစ်ခဲ့ကြောင်းလည်း ဒုတိယမြို့တော်ဝန် ဟော့ဆမ် အီလ်ဒင်ဖော်ဇီက ပြောကြားသည်။

ယင်းအဆောက်အအုံ၏ ပထမထပ်ပိုင်ရှင်သည် တိုက်ခန်းများကို တိုးချဲ့ရန်အတွက် တိုက်ခန်းနံရံတချို့အား ဖယ်ရှားရန် အင်ဂျင်နီယာများ၏ အကြံဉာဏ်ကို ရယူခြင်းမရှိဘဲ တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် ယင်းသို့ အဆောက်အအုံပြိုကျမှုနှင့် စပ်လျဉ်း၍ သံသယရှိသူများအား ဖမ်းဆီးထားကြောင်းလည်း သိရသည်။

ထို့ပြင် အီဂျစ်နိုင်ငံ မြောက်ပိုင်းတွင်လည်း အဆောက်အအုံနှစ်ခုပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူငါးဦး သေဆုံးကာ အခြားသော ၁၁ ဦး ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၈

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့က သတင်းအရ ဘားအံမြို့ ရှောင်လမ်းတွင် ရပ်တန့်ထားသော ယာဉ်တစ်စီးအား စိစစ်၍ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနရုံး၌ အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော စက်ဘီးအဟောင်း ၈၅ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဝေါမြို့မရဲစခန်းမှ ဒုတိယရဲအုပ်ဦးဆောင်သောအဖွဲ့က သတင်းအရ ယာဉ်တစ်စီးအား ညောင်ခါးရှည် X-Ray စက်၌ စိစစ်၍ ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ပူးပေါင်းအဖွဲ့စုံဖြင့် အသေးစိတ်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသော Washing Machine မျိုးစုံ ၂၄ လုံး အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၄၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Diesel Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၄၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်မြို့နယ် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က ရှောင်တခင် ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့စဉ် မူဆယ်မြို့ ဟိုနားရပ်ကွက် ကားလေးကွင်းအနီး လမ်းမကြီးဘေးတွင် စုပုံထားသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိသဖြင့် မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ DAMLY Sungeater Poulty Farm Lpg Space Heater တစ်လုံး အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၂၅၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမှရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာနှင့် Brand ကွဲလွဲတင်သွင်းလာသော Royal Knife Indonesian Batik Sarong ကီလိုဂရမ် ၄၀၀၀




မူဆယ်မြို့နယ် တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့က သိမ်းဆည်းရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့မှ ဒုတိယရဲမှူး ဦးဆောင်သောအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ် (၈)ရပ်ကွက် လွတ်လပ်ရေးလမ်းပေါ်၌ လိုင်စင်မဲ့ Toyota Alphard တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli ဖာ ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Zhong Tong Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၄ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၂၂၃၅၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာအုပ်စု တံတားကျိုးကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် အောင်အောင်စိုး(ခ) အောင်အောင် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၆ နာရီ ၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် မောင်တောမြို့



အောင်အောင်စိုး(ခ)အောင်အောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ကညင်တန်းရပ်ကွက်တွင် မဝင်းရွှေ နှင့် မမိုးမိုးတို့ကို ဆိုင်ကယ် တစ်စီးနှင့်အတူ မသင်္ကာဖွယ် တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား၉၇၅၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၆ ရက် ညနေ ၆ နာရီတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ နော်ဆန်(ခ)နောနော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၊ ဘိန်းဆီခဲ သုည ဒသမ ၀၁ ကီလို၊ အဆင့်နိမ့်ဘိန်း(ခပ်ချူး) သုည ဒသမ ၀၂ ကီလိုနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၇-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ် ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၄၀** ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၀၉:၂၀** (၇၆)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်တေး
**၁၀:၃၀** ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ရုပ်ပုံ
**၁၀:၃၇** အာဇာနည်နေ့ဂါရဝပြု Countdown အစီအစဉ်
**၁၁:၃၀** ရွှေယမ်းစုံလင်အာဆီယံအစီအစဉ်
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂၀)
**၁၃:၀၀** သီချင်းကြီးပဒေသာ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမှုန်တိုင်း' (အပိုင်း-၂၉)
**၁၅:၃၀** အာဇာနေယျအာဇာနည်
**၁၆:၃၅** ကလိုင်းရွာမှ ချစ်စရာပလိုင်း
**၁၇:၃၀** ဇူလိုင်လရဲ့ဒီတစ်နေ့
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၉:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ 'ဥမ္မာဒန္တီဇာတ်' (ဒုတိယပိုင်း)
**၂၁:၄၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ကံကြမ္မာမှုန်တိုင်း' (အပိုင်း-၃၁)

**mitv**

**07:01** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
**07:10** Listening Pleasure, Instrumental Music (Horn Violin) Sayama
**07:21** Smart Village in Hopong: Kyauk Tan
**07:30** Sarus Crane in Myanmar
**07:41** Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2)
**08:01** News
**08:25** Lessons Learnt from History
**08:34** Zadetgyi Island
**08:44** Colonial Buildings and a New Yangon
**08:50** Gardener: Rose Plantation
**09:00** Myanmar Paper Toys
**09:06** Geographic Center of Myanmar
**09:27** Popsicle Sticks Art Creator
**10:01** News

**MRTV NRC**

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)** ချင်းပြည်နယ်၏အလှအပများ
**မွန် (၀၇:၀၀ မှ ၀၉:၀၀)** မွန်ယဉ်ကျေးမှုပြတိုက်
**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** ထူးခြားရသာရခိုင်လျှော်စာ
**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** ပင်လောင်းရှမ်းစက္ကူ
**ဝ (၁၃:၀၀ မှ ၁၅:၀၀)** ကြက်သွန်ဖြူနှင့်ကျန်းမာရေး
**ကချင် (၁၅:၀၀ မှ ၁၇:၀၀)** ခါကြက်ဥပူတင်းလုပ်စားကြမယ်
**ကယား (၁၇:၀၀ မှ ၁၉:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ဝကောကရင် (၁၉:၀၀ မှ ၂၀:၀၀)** စွန့်ပစ်ငှက်ပျောမှလူသုံးကုန် လက်မှုပညာဆီသို့
**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ကရင်စကားပုံများအကြောင်း
**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပန်းချီဆရာ စောထွန်းလင်းနှင့် တွေ့ဆုံမေးမြန်းခြင်း
**ချင်း(လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)** သံပရာခွံ အရန်ဟင်းချက်ပြုတ်နည်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၇:၄၀** ၂၀၂၃ ခုနှစ်၊ (၇၆)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၀:၂၀** စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၂:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၉:၄၅** ဇူလိုင်လရဲ့ဒီတစ်နေ့...
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၁:၄၅** SPORTS MAX

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံမိုးလက်ဆောင်ရယူခြင်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀:၃၀** ပြည်သူအားလုံးနှင့် သက်ဆိုင်သည့်အနာဂတ် ဒီမိုကရေစီ (အပိုင်း-၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)
**၁၈:၀၀** Economic Review (အပိုင်း-၁၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** ဟင်းသီးဟင်းရွက်ပွဲတော်မှသည် တောင်သူဆီသို့
**၀၇:၀၀** ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
**၀၇:၃၀** မြက်စားငါးကြင်းမွေးမြူသားဖောက်ခြင်း လုပ်ငန်း
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလု
**၀၉:၀၀** ချစ်ကြသည်ဆိုရာဝယ်(ဇာတ်လမ်းတို)
**၀၉:၄၅** သဘာဝပတ်ဝန်းကျင်အားချစ်ခင်စောင့်ရှောက် လေသူသစ်ပင်လျှော်ဖြူ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၁၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘော အက်ဆေး'
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်ဇူလိုင်၁၇ ရက်၌အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung Chit Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ (၂)ရပ်ကွက်နေ အောင်ချစ်ဖြိုးအား မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မြင်းခြံနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးဌာနပိုင် အဆင့်မြင့် RC နှစ်ထပ်ဈေးရုံသစ်ကြီး တည်ဆောက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လွင်နှင့် တာဝန်ရှိသူများ ဇူလိုင် ၁၇ ရက်က ကြည့်ရှုစစ်ဆေးစဉ်။

မင်းလွင်ဦး(ပြန်/ဆက်)

## နွားထိုးကြီးမြို့နယ်အတွင်း တောင်သူများအား သွင်းအားစုမြေသြဇာများ ပေးအပ်ပွဲကျင်းပ

နွားထိုးကြီး ဇူလိုင် ၁၈

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်အတွင်း ရွှေပြည်သာလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းက အသင်းသားတောင်သူများအား သွင်းအားစုမြေသြဇာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဘုံသာကျေးရွာ၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် နွားထိုးကြီးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သွယ်သွယ်နိုင်နှင့် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌတို့က သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်သည့် ရွှေပြည်သာလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းရှိ အသင်းသား ၆၁ ဦးအား စပါးစိုက်ဧက ၁၆၅ ဧကအတွက် တစ်လလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများဖြစ်သည့် စမ်းဝတီသဘာဝမြေသြဇာနှင့် ပုလဲမြေသြဇာများကို အသင်းသားတောင်သူများ စိတ်ကြိုက်ဝယ်ယူ၍ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သထုံမြို့နယ်၌ အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်

သထုံ ဇူလိုင် ၁၈

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောခြင်း၊ စာဖတ်စွမ်းရည်၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများနှင့် နံရံကပ်စာစောင်ပြသခြင်းတို့ကို ယနေ့မွန်းလွဲပိုင်းက သိမ်ကုန်းရပ်ကွက် ဘုရားကြီးတောင်ဘက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအေးစိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် ဗဟုသုတတိုးပွားရေးအတွက် စာပေများကို လေ့လာဖတ်ရှုကြခြင်းဖြင့် အနာဂတ်ကာလ၌ အသိပညာကြွယ်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်လာနိုင်ရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက စာဖတ်စွမ်းရည်၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုခြင်းတို့ကို ယှဉ်ပြိုင်ကြသည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင်ကလေးများအသိပညာတိုးပွားရေးစာအုပ်စာပေများကို ခင်းကျင်းပြသခြင်း၊ အာဇာနည်နေ့အထိမ်းအမှတ်ဆောင်းပါး၊ ကဗျာ၊ ကာတွန်း သိမှတ်ဖွယ်ရာများနှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး တင်ဒါအောင်သောကုမ္ပဏီများနှင့် မိတ်ဆက်ရှင်းလင်းပွဲကျင်းပ



**မိုင်းယောင်း ဇူလိုင် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အတွင်းရှိ ကျေးရွာများ၌ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါအောင်သော ကုမ္ပဏီများနှင့် မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစံလင်းက ကျေးလက်ကုန်ထုတ်လမ်း၊ တံတားနှင့် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယမ်းလဲကျေးရွာ၊ ဝမ်မိုင်ကျေးရွာ၊ ယမ်းခမ်း+ဝမ်ဖြိုကျေးရွာနှင့် ယမ်းပုံး+ဝမ်ဖြတ် ကျေးရွာတို့တွင် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၃၂ ဒသမ ၄၅ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း နှစ်လမ်းနှင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေး လုပ်ငန်း နှစ်ခုတို့ကို တင်ဒါအောင်မြင်သော ကုမ္ပဏီတို့က ယခုနှစ်ဇူလိုင်လအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂



## တောင်ကြီးမြို့၌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကော်မတီ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃-၂၀၂၄)ကို ယနေ့မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကိုက အဖွင့်အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ရန် အခု ၂၈၀ လျာထားခဲ့ပြီး ယနေ့အထိ ရှမ်းပြည်နယ်အတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းပေါင်း ၁၃၉၈ ကို မှတ်ပုံတင်ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ မြင်းကောင်ရေ ငါးကောင်အားနှင့်အောက်ရှိပြီး အလုပ်သမားကိုးဦးထက်မပိုသည့် စက်မှုလုပ်ငန်းနှင့် အလုပ်သမားသုံးဦးနှင့် အထက်ရှိသည့် လက်မှုလုပ်ငန်းများကို တရားဝင်ဥပဒေနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရေး မြန်မြန်ဆန်ဆန် စစ်ဆေးအတည်ပြုပြီး မှတ်ပုံတင်ထုတ်ပေးနိုင်ရန် လိုကြောင်း၊ ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက မှတ်ပုံတင်လုပ်ငန်းအသစ်များ တိုးပွားလာစေရေးနှင့် ပေါ်ပေါက်လာစေရေးတို့ကို ဆောင်ရွက်ခြင်းအပြင် မှတ်ပုံတင်ပြီး လုပ်ငန်းများကို ထဲထဲဝင်ဝင်လေ့လာပြီး ဖြစ်ပေါ်နေသည့် အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးစေလိုကြောင်း၊ မြေပြင်တွင် အမှန်ရှိသည့်လုပ်ငန်းများနှင့် လက်ရှိမှတ်ပုံတင်ထားသူများ စာရင်း တိုက်ဆိုင်စစ်ဆေး၍ လုပ်ငန်းလုပ်ကိုင်နေသူ၊ ခေတ္တဆိုင်းငံ့နေသူနှင့် ပယ်ဖျက်သူများစာရင်းကိုလည်း ကောက်ယူဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက လုပ်ငန်းမှတ်ပုံတင်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် မှတ်ပုံတင်လုပ်ငန်း စိစစ်ရေးကော်မတီ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ လုပ်ငန်းမှတ်ပုံတင်များ အတည်ပြုခြင်းကို ဆောင်ရွက်ကြပြီး အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်ရှိ ကျေးရွာခြောက်ရွာ၌ ကျေးရွာမတည် စီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေး

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကျေးရွာမတည်စီမံကိန်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာခြောက်ရွာတို့တွင် စတုတ္ထအကြိမ်မြောက် စီမံကိန်းရန်ပုံငွေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးရာတွင်လည်း ပန်းသပွတ်ကျေးရွာမှ ၁၀၂ ဦးကို စီမံကိန်းရန်ပုံငွေ ၃၆ ဒသမ ၃၀ သန်း၊ ကျော်ဇောကုန်းကျေးရွာ၌ ၁၂၇ ဦးကို စီမံကိန်းရန်ပုံငွေ ၃၆ သန်း၊ ညောင်လေးပင်ကျေးရွာမှ ၁၅၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၅၀ သန်း၊ အောက်ခတ်တော်ကုန်းကျေးရွာမှ ၈၉ ဦးကို စီမံကိန်းရန်ပုံငွေ ၃၆ ဒသမ ၄၀ သန်း၊ မင်္ဂလာကုန်းကျေးရွာမှ ၈၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၃ ဒသမ ၄၀ သန်းနှင့် ညောင်ပင်အင်းကျေးရွာမှ ၂၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၁၁ ဒသမ ၇၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**




## ကော့မှူးမြို့နယ်၌ ဖလင်းချောင်းသဘာဝရေပြင်အတွင်း ငါးကောင်ရေဆယ်သိန်း မျိုးစိုက်ထည့်

**ကော့မှူး ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကော့မှူးမြို့နယ် မြို့မရပ်ကွက် ဖလင်းချောင်းသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝ၊ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတို့မှ စခန်းတာဝန်ခံနှင့် စခန်းဝန်ထမ်းများ တက်ရောက်ပြီး နှစ်လက်မ အရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ သုံးသိန်း၊ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေ ဆယ်သိန်းကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၀ | ၂၁၆၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၂၈၂၀ |
| 95 Ron | ၂၂၂၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၀ | ၂၂၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၆၀ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၃၀ | ၂၀၉၅ | ၂၂၁၅ | ၂၂၁၀ | ၂၁၀၀ | ၂၁၁၅ | ၂၁၄၅ | ၂၁၄၅ | ၂၁၅၀ | ၂၃၈၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၀ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၆၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၀ | ၂၂၁၀ | ၂၁၇၅ | ၂၂၉၅ | ၂၂၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၃၀ | ၂၄၆၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၆ | ၂၀၈၀ |
| 95 Ron | ၂၁၁၇ | ၂၁၉၃ |
| HSD (500 ppm) | ၁၉၆၀ | ၂၀၂၉ |
| HSD (50 ppm) | ၂၀၃၄ | ၂၁၀၄ |
| HSD (10 ppm) | ၂၀၃၄ | ၂၁၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကုန်သွယ်/စီးပွား

## ပခုက္ကူကုန်စည်ဒိုင်၌ ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိ

မကွေး ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူကုန်စည်ဒိုင်တွင် ဇွန်လဒုတိယပတ်တွင် ပဲစင်းငုံနီ တစ်တင်းလျှင် အမြင့်ဆုံးငွေကျပ် ၁၀၄၅၀၀ ရှိခဲ့ပြီး တတိယပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၉၁၈၀၀ ကျဆင်းခဲ့သော်လည်း ဇူလိုင်လဆန်းတွင် ငွေကျပ် ၁၀၀၀၀၀ အထိ ပြန်လည်မြင့်တက်လာခဲ့ရာ တင်ပို့မှုအနေဖြင့် ဇွန်လထက် အိတ်ရေ ၆၀၀ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ပဲတီစိမ်းကြီး ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ကျပ်(၄၇၀၀၀-၅၈၀၀၀)ဖြင့် ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အိတ်ရေ ၁၅၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပဲယဉ်းနီများ ဇွန်လဒုတိယပတ်တွင် စတင်ဝင်ရောက်လာခဲ့ရာ လက်ရှိအချိန်၌ တစ်တင်းလျှင် ငွေကျပ် ၇၄၃၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အိတ်ရေ ၄၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ကုလားပဲအုပ်စုအနေဖြင့် ဇွန်လနောက်ဆုံးပတ်တွင် ကုလားပဲ (HL) တစ်တင်းလျှင် ငွေကျပ် ၈၈၀၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ငွေကျပ် ၇၉၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဇူလိုင်လပထမပတ်တွင် ကုလားပဲ(929) တစ်တင်းလျှင် ငွေကျပ် ၈၄၈၀၀၊ ကုလားပဲ V2 တစ်တင်းလျှင် ငွေကျပ် ၈၅၆၀၀ဖြင့် ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ပုံမှန်တင်ပို့လျက်ရှိသည်။ ပဲဇီးကွက်၊ စွန်တာနီပဲများ အရောင်းအဝယ်မဖြစ်သော်လည်း နှမ်း(ဖြူ)များ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဇွန်လနောက်ဆုံးပတ်တွင် နှမ်း(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၄၀၀၀ မှ ဇူလိုင်လဆန်းတွင် ငွေကျပ် ၁၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အိတ်ရေ ၃၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၈

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၁ ရက်မှ ၁၄ ရက် ထိ ပို့ကုန်တင်ပို့မှုအနေဖြင့် ပြောင်း၊ ကြက်သွန်နီ၊ ရေထွက်ကုန်များဖြစ်သည့် ပုစွန်၊ ငါးခွေးလျှာ၊ ငါးကြင်းတို့အပြင် ဂေါ်ဖီထုပ်၊ ငရုတ်၊ မကျည်းသီး (အစေ့ပါ)၊ ဂျင်းခြောက်နှင့် CMP ပစ္စည်းများဖြစ်သည့် အမျိုးသား/အမျိုးသမီး အဝတ်အထည်များ တင်ပို့နိုင်ခဲ့သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအား မြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများ၊ ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ဂေါ်ဖီထုပ်နှင့် ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်းစစ်ဆေးမှုများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ဆေးဝါး၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ ဖိနပ်၊ သစ်သီး၊ ဓာတ်မြေဩဇာ၊ အိမ်သုံးပစ္စည်း၊ တိရစ္ဆာန်အရှင်၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဆေးဝါး၊ Packing Material၊ အိမ်သုတ်ဆေး၊ ကုန်ကြမ်းပစ္စည်း၊ ယန္တရားစက်ပစ္စည်းများ၊ ငါးဖမ်းပစ္စည်း၊ LPG (ဓာတ်ငွေ့ရည်)နှင့် အလှကုန်ပစ္စည်းတို့ တင်သွင်းခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁၄ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁၆၅ ဒသမ ၀၃၈ အမေရိကန်ဒေါ်လာသန်း၊ သွင်းကုန် ၃၆၅ ဒသမ ၆၀၅ အမေရိကန်ဒေါ်လာ သန်း၊ ကုန်သွယ်မှုပမာဏ ၅၃၀ ဒသမ ၆၄၃ အမေရိကန်ဒေါ်လာသန်း ဖြစ်သည်။

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ထားဝယ် ဇူလိုင် ၁၈

တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ (၅/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၅/၂၀၂၃) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### နိုင်ငံခြားဝင်ငွေရရှိ

တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြေယာအရေးကိစ္စနှင့် ပတ်သက်၍ ဂရုတစိုက် ဆောင်ရွက်ပေးရန်လိုအပ်ပြီး သက်ဆိုင်ရာကော်မတီများအနေဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အပြင် အခြားနည်းသုံးစွဲခွင့်များကိုလည်း လေးနက်စွာဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ပုစွန်မွေးမြူရေးအနေဖြင့် နိုင်ငံခြားဝင်ငွေရရှိသည်အထိ အဆင်ပြေလာပြီး အကျိုးအမြတ်ရရှိမှုလည်း များပြားလာကြောင်း၊ မွေးမြူရေးကတစ်ဆင့် ကျွမ်းကျင်မှုဖြစ်လာပြီး တိုင်းဒေသကြီးအတွင်း ပုစွန်ကန်ကို အနည်းဆုံးကန် ၅၀၀ အထိတိုးချဲ့ရန် စီစဉ်ထားရှိကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းလင်းဦးက ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

## ကူမင်းကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များပါဝင်ပြသနိုင်ရေး ဖိတ်ခေါ်ဆွေးနွေး



ရန်ကုန် ဇူလိုင် ၁၈

တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်အစိုးရတို့ပူးပေါင်း၍ (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်သွင်းကုန် ကုန်စည်ပြပွဲကို ကူမင်းမြို့ Dianchi International Convention and Exhibition Center ၌ ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

### တွေ့ဆုံဆွေးနွေး

အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ပြသနိုင်ရေးအတွက် မြန်မာနိုင်ငံအခြေစိုက် Yunnan Chamber ဥက္ကဋ္ဌ Mr.Xie Ming Gui နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်သို့ လာရောက်၍ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးသန့်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံရာတွင် တရုတ်နိုင်ငံ၌ကျင်းပမည့် ကူမင်းကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံ၏ပုဂ္ဂလိကကဏ္ဍကိုယ်စားပြု ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများတက်ရောက်နိုင်ရေး၊ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းဖလှယ်နိုင်ရန် ပြခန်းများပါဝင်ပြသနိုင်ရေး၊ ပြပွဲကာလအတွင်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်များနှင့် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သဖြင့် လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်သူများ စေလွှတ်နိုင်ရေးတို့ကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မျိုးမင်းသူရ

## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ပေါက်ခေါင်း ဇူလိုင် ၁၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပေါက်ခေါင်းမြို့နယ် ငါးခူအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ပြုလုပ်ရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပေါက်ခေါင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က သင်တန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သင်တန်းသူတစ်ဦးက လက်ခံရယူသည်။



ယနေ့ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် အဝတ်လျှော်ဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်၊ ဘက်စုံသုံးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုးနှင့် ဆပ်ပြာခရင်(မ်)ထုတ်လုပ်နည်းများကို သင်တန်းနည်းပြဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၁၅ဦးတို့အား စာတွေ့၊ လက်တွေ့ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

## စားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပန်းတောင်း ဇူလိုင် ၁၈

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပန်းတောင်းတပ်နယ်မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် ဥသျှစ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဈေးဆိုင်ခန်းများဖွင့်လှစ်ကာ ယနေ့နံနက် ၇ နာရီက စတင်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် တပ်တွင်းစိုက်ပျိုး မွေးမြူရေးမှ ထွက်ရှိသောစားသောက်ကုန်များအား ပြင်ပဈေးနှုန်းထက် သက်သာသောဈေးနှုန်းဖြင့် ဆန်တစ်ပြည် ငွေကျပ် ၂၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၂၃၀၊ ဘဲဥတစ်လုံးငွေကျပ် ၃၀၀၊ ဝက်သားနှစ်ဆယ့်ငါးကျပ်သား ငွေကျပ် ၃၀၀၀၊ ကြက်သားငါးဆယ်သား ငွေကျပ် ၄၀၀၀၊ စားသုံးဆီငါးဆယ်ကျပ်သား ငွေကျပ်၂၅၀၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်များအား ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများပြားလျက်ရှိကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၀-၇-၂၀၂၃ ရက်မှအဆက်

[ ၂၆ ]




မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့၏ တည်ရာအဆောက်အအုံခန်းမ၌ လ အ က အဖွဲ့ဝင်လူကြီးများ၊ ထန်းပိုင်ရှင်များ၊ ထန်းသမားများသည် စုံစေ့သလောက်ရောက်ရှိနေကြပြီဖြစ်၏။ ထန်းပိုင်ရှင်များဘက်မှ ဦးမြမောင်၊ ဦးမြို့တို့ ခေါင်းဆောင်ကာ အခြားထန်းပိုင်ရှင် ဆယ့်ငါးဦးခန့်နှင့် ၎င်းတို့နှင့် နီးစပ်ရာ ပုဂ္ဂိုလ်အချို့ပါ ရောက်ရှိနေကြလေသည်။

ကိုအေးဆွေတို့ ထန်းသမားများဘက်တွင်လည်း အာမခံဖြင့် ထုတ်ထားသော ဖမ်းဆီးခြင်း ခံခဲ့ရသည့် ဦးဖိုးခ၊ ဦးစံကျော်၊ ကိုမောင်ပု၊ ကိုဆယ်ရင်စသော ထန်းသမားတို့အပြင် စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ ကျန် အမှုဆောင်အားလုံးတို့လည်း လိုက်ပါလာကြသည်။ အခြား နီးစပ်ရာ ထန်းသမားများကလည်း မည်ကဲ့သို့ ဖျန်ဖြေရှင်းလင်းပေးမည်ကို ကိုယ်တိုင်ကိုယ်ကျ နားထောင်လိုကြသဖြင့် လိုက်ပါလာကြရာ အားလုံး ထန်းသမားများသည် လေးငါးဆယ်လောက်ရှိလေသည်။ ထို့ပြင် ၎င်းတို့နှင့် နီးစပ်ရာ စိတ်ဝင်စားသူတို့ကလည်း နားထောင်ရန် ရောက်ရှိနေရာ ရုံးခန်းမကြီးတစ်ခုလုံးမှာ ပြည့်လျှံသွားတော့သည်။

ယင်းသို့ လ အ က ရုံးခန်း၌ ထန်းသမားများနှင့် ထန်းပိုင်ရှင်များ ရောက်ရှိနေကြခြင်းမှာ ထန်းသမားများ အဖမ်းခံရခြင်းကိစ္စနှင့် ပတ်သက်၍ ကိုအေးဆွေတို့က ဆရာကြီးဦးလှဒင်နှင့် တိုင်ပင်ပြီး မြို့နယ် လ အ ကရုံးသို့ တိုင်ကြားခြင်းကြောင့်ဖြစ်လေသည်။ ၎င်းနှင့် တစ်ပြိုင်တည်းလည်း တိုင်ကြားစာမိတ္တူများကို ခရိုင်၊ တိုင်း၊ ဗဟို လအကနှင့် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းထိသို့ပါ ပေးပို့ တိုင်ကြားလေသည်။ ထို့ပြင် သတင်းစာတိုက်များသို့လည်း သတင်းအဖြစ် မိတ္တူများပေးပို့ကြလေရာ ရန်ကုန်နှင့် မန္တလေး နေ့စဉ်သတင်းစာကြီးများတွင် ကိုအေးဆွေတို့ ထန်းသမား ထန်းပိုင်ရှင် ပဋိပက္ခမှုကြီးမှာ သတင်းအဖြစ် ဟိုးလေးတကျော်ကျော် ပါရှိလာလေသည်။

ထို့ကြောင့်လည်း ကျောက်ပန်းတောင်း မြို့နယ်နှင့် မြို့တစ်မြို့လုံးကပါ ကိုအေးဆွေတို့၏ ပဋိပက္ခဖျန်ဖြေရေးကို မည်သို့မည်ပုံ ရှင်းလင်းပေးပါမည်နည်းဟု စိတ်ဝင်စားနေကြသည်။ အထူးသဖြင့် မြို့လူထုက ပို၍စိတ်ဝင်စားနေကာ အချို့ကဆိုလျှင် လာရောက်၍ပင် နားထောင်ကြသဖြင့် ရုံးခန်းမဆံ့၍ အပြင်သစ်ပင်ရိပ်များအောက်မှ နားထောင်နေကြရသည်။

ဆရာကြီး ဦးလှဒင်မှာလည်း ရုံးခန်းအတွင်းရှိ နောက်နားခပ်ကျကျ ပရိသတ်ထဲတွင် ရောက်ရှိနေသည်။

လအက အဖွဲ့ဝင်လူကြီးများ စုံညီစွာ ရောက်ရှိလာကြပြီဖြစ်၍ ဆွေးနွေးပွဲကို စတင်ကြတော့သည်။ ပထမဦးစွာ လအက ဥက္ကဋ္ဌသည် နေရာမှ ထလိုက်သည်။

"အခုလို ထန်းပိုင်ရှင်များနဲ့ ထန်းလုပ်သားများကို ဘာကြောင့် ဒီကဲ့သို့ တွေ့ဆုံပေးရတယ်ဆိုတဲ့ အကြောင်းကိုတော့ ကျွန်တော် အထူးရှင်းလင်းစရာ မလိုတော့ပါဘူး။ အားလုံး သိပြီးဖြစ်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော် အထူးပြောလိုတာကတော့ ထန်းပိုင်ရှင်များဘက်က ဖြစ်စေ၊ ထန်းလုပ်သားများဘက်က ဖြစ်စေ ဖြစ်ပျက်တဲ့ အကြောင်းရင်းကိစ္စကိုသာ အမှန်အကန်အတိုင်း ပြောပြစေလိုပါတယ်။ ဒါမှလည်း ခင်ဗျားတို့ရဲ့ ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မှာမို့ပါ။ ဒါပါပဲ၊ ကျွန်တော် ပြောချင်တာက၊ ကဲ ကဲ၊ ထန်းပိုင်ရှင်များဘက်က စပြီးတော့ အကျိုးအကြောင်းကို တင်ပြပါ"

လအက ဥက္ကဋ္ဌ သူ့နေရာသို့ ပြန်ထိုင်လိုက်လျှင် ထန်းပိုင်ရှင်များသည် လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ခန်းမကြီးတစ်ခုလုံးရှိ လူများလည်း တိတ်ဆိတ်၍သွားကာ ထန်းပိုင်ရှင်များဘက်သို့ အာရုံပြုလိုက်ကြသည်။ ထိုစဉ် ဦးမြမောင်သည် နေရာမှ ထလိုက်သည်။

"ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်ရဲ့ ထန်းလှည့်ဘက်ဖြစ်တဲ့ ကိုဖိုးခဟာ ကျွန်တော်တို့ မိဘ ယောက္ခမများလက်ထက်ကစပြီး အခု ကျွန်တော့်လက်ထက်ထိ ထန်းလှည့်ဘက် ဖြစ်ခဲ့ပါတယ်။ ထန်းလှည့်ကိုလည်း သုံးလှည့်တစ်လှည့်အဖြစ်နဲ့ နှစ်ဦးသဘောတူ ပေးယူပြီး ထန်းတက်စေခဲ့ပါတယ်။ အဲဒါဟာ ခုချိန်ထိပါပဲ။ ဒါပေမဲ့ အခု ထဖိုဦးကစပြီး ကိုဖိုးခဟာ သူ့သဘောနဲ့သူ ထန်းလှည့်သုံးလှည့်တစ်လှည့် (သုံးစု တစ်စု) ကနေပြီး ငါးလှည့်တစ်လှည့် (ငါးစု တစ်စု) အဖြစ်သာ ပေးပါတော့တယ်။ ဒါကို ကျွန်တော်က သဘောမတူပါဘူး။ ကျွန်တော့်ရဲ့ အကျိုးစီးပွားကို ထိခိုက်ပါတယ်။ ဒါကြောင့် သုံးလှည့် တစ်လှည့် (သုံးစု တစ်စု) သာ ပေးပါလို့ ကိုဖိုးခကို ခေါ်ပြောပါတယ်။

"ဒါပေမဲ့ ကိုဖိုးခဟာ ပြောမရပါဘူး။ အဓမ္မပဲ ငါးစုတစ်စုအဖြစ်သာ ဆက်ပေးနေပါတယ်။ ဒီလို ငါးစုတစ်စုသာ ဆက်ပေးနေရင် ကျွန်တော်ဟာ မကျေနပ်ပါဘူး။ ထန်းလှည့်ဘက်ကနေပြီး ဖယ်ပေးပါလို့ အကြောင်းကြားပါတယ်။ ဒါလည်း မရဘူး။ အဓမ္မ ကျူးကျော်တက်ပြီး ကျွန်တော့်ရဲ့ ထန်းပင်များမှ ထန်းသီး၊ ထန်းခိုင်၊ ထန်းရည်၊ ထန်းရွက်များကို တိတ်တဆိတ် ခိုးယူသုံးစွဲနေပါတယ်။

"ဒါတင်လား၊ မဟုတ်သေးပါဘူး။ ကျွန်တော်မသိဘဲနဲ့ ကျွန်တော့်ခွင့်ပြုချက် မရဘဲနဲ့ စုပေါင်းထန်းလုပ်ငန်းအဖွဲ့ဆိုလား၊ ဘာဆိုလား။ အဲဒီအဖွဲ့ကို သူ့သဘောတစ်ခုတည်းနဲ့ လွှဲပြောင်းချထားပြီး တက်နေပါတယ်။ ခိုးယူသုံးစွဲမြဲ သုံးစွဲနေပါတယ်။ ဒါကြောင့် ကျွန်တော်ပိုင် မြေပေါ်မှာပေါက်နေတဲ့ ကျွန်တော်ပိုင် ထန်းပင်များကို ပိုင်ရှင်မသိဘဲ ခွင့်ပြုချက်မရဘဲ အဓမ္မ ကျူးကျော်တက်ပြီး ခိုးယူသုံးစွဲနေတဲ့အတွက် ရာဇဝတ်ကြောင်းအရ တိုင်ကြားရခြင်းပါခင်ဗျား"

ဦးမြမောင်သည် သူ့စကားဆုံးလျှင် သူ့နေရာသူ ပြန်ထိုင်လိုက်သည်။ သူ၏ မျက်နှာမှာ အားရကျေနပ်နေပုံရသည်။

ထိုနောက် ဦးမြို့ကလည်း ဦးမြမောင်ကဲ့သို့ပင် သူ့ထန်းသမား ဆယ်ရင်အား ဘာ့ကြောင့် ရာဇဝတ်ကြောင်းဖြင့် တိုင်ကြားရကြောင်းကို တင်ပြသွားလေသည်။ အခြား ထန်းပိုင်ရှင်များကလည်း ဦးမြမောင်၊ ဦးမြို့တို့နည်းတူ ဥပဒေနှင့် ငြိစွန်းအောင်ကိုးကား၍ဆက်လက်တင်ပြသွားကြသည်။

ထန်းပိုင်ရှင်များဘက်မှ တင်ပြပြီးဆုံးသွားပြီးလျှင် ထန်းတက်သမားများဘက်မှ ဆက်လက်တင်ပြကြရန် လအက ဥက္ကဋ္ဌက မိန့်ကြားသည်။

ဤတွင် ကိုအေးဆွေတို့ဘက်မှ ဦးဖိုးခသည် ထိုင်နေရာမှ ဖြည်းညင်းစွာ ထလိုက်သည်။ သို့သော် ဦးဖိုးခမျာမှာ ပေါင်ကျိုးခဲ့သည့် ဒဏ်ရာဒဏ်ချက်ကြောင့် မတ်မတ်မရပ်နိုင်ရှာပေ။ ပခုံးမှာ တစ်ဖက်စောင်း နိမ့်မြင့် ဖြစ်နေသည်။ အခန်းထဲရှိ လူအားလုံးက သူပြောမည့် စကားကို အာရုံပြုနေကြသည်။

"သည်နေရာမှာ ထန်းပိုင်ရှင်ကို သီးရှင်၊ ကျွန်တော်တို့ ထန်းသမားတွေကို သီးစားလို့ ခေါ်ပါရစေ။ တစ်ဖက်က ထန်းပိုင်ရှင် ဦးမြမောင် ပြောပြသွားသလို အားလုံး အမှန်အကန်ဖြစ်ပါတယ်။ ကျွန်တော် မငြင်းပါဘူး။ နို့ပေမဲ့ ကျွန်တော် လူကြီးမင်းများကို အစီရင်ခံချင်တဲ့ အချက်တစ်ချက် ရှိပါတယ်။ ဒီအချက်ကို လူကြီးမင်းများ စဉ်းစားစေလိုပါတယ်။ ဒီအချက်က ဘာလဲဆိုရင် ၁၉၅၃ ခုနှစ်သီးစားချထားရေး အက်ဥပဒေအရ သီးစားသည် မြေရှင်ထံမှ လယ်ယာမြေ၊ ဥယျာဉ်၊ ကိုင်းကျွန်းမြေများကို သီးစားအဖြစ်နဲ့ သီးစားခပေးပြီး ၁၂ နှစ်တိုင်တိုင် လုပ်ဆောင်လာခဲ့လို့ရှိရင် မြေရှင်က အဲဒီသီးစားကို သူ့သဘောနဲ့ လွှဲပြောင်းချထားခြင်း၊ ရုပ်သိမ်းခြင်း မပြုနိုင်ပါဘူးလို့ ဆိုထားပါတယ်။

"သည်နေရာမှာ တစ်ခါ ၁၉၆၃ ခုနှစ် မတ်လထဲက ပြဋ္ဌာန်းလိုက်တဲ့ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေကို ထပ်မံပြီးတော့ ကိုးကားလိုပါတယ်။ ဘယ်လိုလဲဆိုရင် အဲသည်ဥပဒေရဲ့ ပုဒ်မ ၁၅ က ဟောသည်လို ဆိုထားပါတယ်။ "၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ ရုပ်သိမ်းလိုက်သည့်အခါ ၁၉၅၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေအရ ဆောင်ရွက်ပြီးခဲ့သော ကိစ္စများ မပျက်ပြယ်စေရ"လို့ ဆိုထားပါတယ်"

ဦးဖိုးခသည် တရားရေးဌာနမှ ရောင်းချသည့် "၁၉၆၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ"ဟူသော ပုံနှိပ်စာရွက်ကလေးကိုကိုင်ကာ ဖတ်ပြပြီးနောက် လအက လူကြီးများဆီသို့ တစ်ဖန် ပြန်ကြည့်ပြီး ဆက်ပြန်သည်။

"သည် သီးစားဥပဒေအရ ထန်းပင်များ စိုက်ပျိုးဖြစ်ထွန်း ပေါက်ရောက်နေတဲ့ ထန်းမြေများလည်း သက်ဆိုင်ပါတယ်။ အဲသဟာကြောင့် ဒီ ဥပဒေများအရ သီးရှင်ဖြစ်တဲ့ ဦးမြမောင်ဟာ ၁၂ နှစ်မက ယခုတိုင်အောင် နှစ်ပေါင်းလေးဆယ်နီးပါးထိ ထန်းတက်လာခဲ့တဲ့ သီးစား ကျွန်တော် ထန်းတက်သမားထံမှ လွှဲပြောင်းချထားခြင်း၊ ရုပ်သိမ်းခြင်း မပြုလုပ်နိုင်ပါဘူးဆိုတဲ့ အကြောင်းကို အလေးအနက်ထား၍ လူကြီးမင်းများ ဝေဖန် စဉ်းစားပါရန် အစီရင်ခံပါတယ်ခင်ဗျာ"

ထန်းပိုင်ရှင်များသည် ဦးဖိုးခ၏ တင်ပြသွားချက်များကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ စောစောက သာသာယာယာဖြစ်နေသော မျက်နှာများသည် အနည်းငယ်စီ ပျက်၍လာသည်။ လအက လူကြီးများကမူ မည်သို့စဉ်းစားမိသည် မသိ၊ ခေါင်းတညိတ်ညိတ် ဖြစ်နေကြသည်။ ကိုအေးဆွေတို့ ထန်းသမားများဘက်ကမူ မိမိတို့ဘက်မှ ကိုးကားချက်များသည် ခိုင်မှခိုင် လုံပါမည်လားဟု ကြောင့်ကြဟန် ပြနေကြသည်။

ထိုနောက် ဦးစံကျော်သည် နေရာမှ ထပြန်သည်။

"ကျွန်တော်တို့ ထန်းသမား သီးစားများဟာ ဘာကြောင့် ထန်းပိုင်ရှင်များကို ငါးစုတစ်စုအဖြစ်သို့ လျှော့ပေးရတယ်ဆိုတဲ့အကြောင်းကို လူကြီးများ စဉ်းစားချင့်ချိန် ဝေဖန်နိုင်ကြပါရန် တင်ပြလိုပါတယ်။ သည်နေရာမှာ "၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ"ကို ကိုးကားတင်ပြပါရစေ။ အဲဒီဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ ၁၊ အပိုဒ်ငယ် (ဂ) မှာ "ရေတံ၊ ကြက်သွန်၊ ဆေး၊ သို့တည်းမဟုတ် ကြံစိုက်ပျိုးသည့် မြေမှတစ်ပါး အခြား ယာမြေ၊ သို့မဟုတ် ကိုင်းမြေအတွက် သီးစားနှစ်တွင် ထမ်းဆောင်ရသော မြေခွန်၏ နှစ်ဆ" ပေးရမည်လို့ ဆိုထားပါတယ်။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့၏ တည်ရာအဆောက်အအုံခန်းမ၌ လ အ က အဖွဲ့ဝင်လူကြီးများ၊ ထန်းပိုင်ရှင်များ၊ ထန်းသမားများသည် စုံစေ့သလောက် ရောက်ရှိနေကြပြီဖြစ်၏။ ထန်းပိုင်ရှင်များဘက်မှ ဦးမြမောင်၊ ဦးမြို့တို့ခေါင်းဆောင်ကာ အခြားထန်းပိုင်ရှင် ဆယ့်ငါးဦးခန့်နှင့် ၎င်းတို့နှင့်နီးစပ်ရာ ပုဂ္ဂိုလ်အချို့ပါ ရောက်ရှိနေကြလေသည်။ ကိုအေးဆွေတို့ ထန်းသမားများဘက်တွင်လည်း အာမခံဖြင့်ထုတ်ထားသော ဖမ်းဆီးခြင်းခံခဲ့ရသည့် ဦးဖိုးခ၊ ဦးစံကျော်၊ ကိုမောင်ပု၊ ကိုဆယ်ရင်စသော ထန်းသမားတို့အပြင် စုပေါင်းထန်းလုပ်ငန်းအဖွဲ့မှ ကျန်အမှုဆောင်အားလုံးတို့လည်း လိုက်ပါလာကြသည်။ အခြားနီးစပ်ရာ ထန်းသမားများကလည်း မည်ကဲ့သို့ဖျန်ဖြေရှင်းလင်းပေးမည်ကို ကိုယ်တိုင်ကိုယ်ကျ နားထောင်လိုကြသဖြင့် . . ."**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| (က) Filter Media Sand/ Catalytic Media Filter | 1/1 Lot |
| (ခ ) Nano Filter/ Benzalkonium Chloride(BKC) | 1/1 Lot |
| (ဂ ) Chemical Reagents များ | 4 Lots |
| (ဃ) GI Hollow / သံချောင်းလုံး | 1/1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၇-၂၀၂၃ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၉-၈-၂၀၂၃ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

India International Co.,Ltd သည် G-1/37, G.T. Karnal Road Industrial Area, Azadpur, Delhi-110033, India တွင် တည်ထောင်ထားပြီး အောက်ဖော်ပြပါ "MARUTI COOKER" ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်-IV/၅၉၅၅/၂၀၁၃ (၂၀-၆-၂၀၁၃) ဖြင့် မှတ်ပုံတင်သွင်းထားပါသည်။ India International Co.,Ltd က ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၅) လမ်း၊ အမှတ်-၃၇/၃၉ တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော S. Kumar General Trading Company Limited , Company Registration No - 133407235 ကို (၁-၁-၂၀၂၃) နေ့မှစ၍ ''maruti cooker'' နှင့်ပတ်သက်၍ တစ်ဦးတည်းကိုယ်စားလှယ်စာ လွှဲအပ်ခဲ့ပါသည်။




**MARUTI**

**''MARUTI COOKER''**

အထက်ဖော်ပြပါ ''MARUTI''အမှတ်တံဆိပ် 2 Liter မှ 22 Liter ထိ အသားပေါင်းအိုးဆိုဒ် အမျိုးမျိုးနှင့် အပိုပစ္စည်းများကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် S. Kumar General Trading Company Limited က တရားဝင် ဖြန့်ဖြူးရောင်းချလျက်ရှိသောကြောင့် မြန်မာပြည်အတွင်း MARUTI အမှတ်တံဆိပ်အား ကုမ္ပဏီ၏ ခွင့်ပြုချက်မရရှိဘဲ ဈေးကွက်အတွင်း တုပပြုလုပ်၍ MARUTI Logo ကို အသုံးပြုရောင်းချခြင်း၊ SOCIAL MEDIA (FACEBOOK, YOUTUBE, TELEGRAM, TIKTOK, INSTAGRAM)တို့တွင် တရားမဝင်ဖော်ပြ၊ ကြော်ငြာ၊ ရောင်းချနေသည်ကို တွေ့ရှိရပါက ထိုသို့ဆင်တူယိုးမှား၊ တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**S. Kumar General Trading Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လွဲ့လွဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း -၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉(သမိုင်း)၊ မြေကွက်အမှတ်- ၂၁/ဃ၊ ဧရိယာ-၀. ၂၄၀ဧကရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေမဥ္ဇူ(၁)လမ်း၊ အမှတ်-၄၉ ဟုခေါ်တွင်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း) (၁၂/ဒဂန(နိုင်)၀၁၇၆၁၅)၊ ဒေါက်တာခင်မြတ်နွယ် (၁၂/မရက(နိုင်) ၀၉၀၆၄၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀ ၁၆၃၅၂၊ ၀၉-၅၅ ၀၆၅၅၆။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)(၉)ရပ်ကွက်၊ ဆင်ဖြူပန်းခြံလမ်း၊ အမှတ်(၂၂၄/က) ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဒေါ်အုန်းမြအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အိမ်တစ်လုံးနှင့်ဂျိုးဖြူရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမျိုးထက်အောင် [၁၂/ရပသ(နိုင်)၀၇၀၉၉၅]ကိုင်ဆောင်သူမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရောက် ရယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းထွဋ်လင်း[၁၂/ရပသ(နိုင်)၀၈၂၃၂၉]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွဋ်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဝေဝေအောင်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၀)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၅၁၀၈၀၀၇၃**

### ဖခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၄) ကျောင်း၊ Grade-11(B)တွင် ပညာသင်ကြားနေသော မဝင်းလဲ့လဲ့ထွန်း၏ ဖခင်အမည်မှန်မှာ ဦးစိုးကျော်နိုင် [၁၀/သထန(နိုင်)၁၀၀၅၅၉] ဖြစ်ပါကြောင်း။

**ဦးစိုးကျော်နိုင်**
**[၁၀/သထန(နိုင်)၁၀၀၅၅၉]**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၊ Grade(9)မှ မနန်းသူဇာ၏ ဖခင်အမည်မှန်မှာ ခွန်အောင်လှ [၁၃/တကန(နိုင်) ၁၄၉၇၀၁]ဖြစ်ပါကြောင်း။

**ခွန်အောင်လှ**

### ဖခင်အမည်မှန်

သန်လျင်မြို့နယ်၊ အလက (ဘော့သပြေကန်-၁)၊ Grade-9 တွင် ပညာသင်ကြားလျက်ရှိသော မသော်သော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်မိုး[၁၂/သလန (နိုင်)၁၁၉၆၆၅]ဖြစ်ပါကြောင်း။

**ဦးသန်းဇော်မိုး**

## ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက်
## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ မြောက်ဥက္ကလာပအဝိုင်းထိပ်အနီး၊ နွယ်နီလမ်းမထိပ်အနီး၊ မြေအကျယ် (၄၀'x ၆၀') ၂ ကွက်ကပ်လျက်၊ အုတ်တံတိုင်းခတ်ပြီး၊ အဆောက်အဦ(၁)လုံးပါ၊ ဂရန်အမည်ပေါက်၊ ရေမီးပါ။ (၁ကွက်-သိန်း 3000)

၂။ ပြည်လမ်းမပေါ်၊ ဧမိုင်တံတားအနီး၊ မြေညီထပ်တိုက်ခန်း (၅၅'x၁၅')၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း။ (သိန်း 4000)

**ဖုန်း- 09-5178979, 09-43022828, 09-451146685, 09-263699715**

### တစ်ဦးတည်း ဖြစ်ပါကြောင်း

တာမွေမြို့နယ်နေ မောင်ခွန်မင်းဇော် (၂၀၂၀ တက္ကသိုလ်ဝင်တန်းအောင်)၏ဖခင် ဦးကျော်လှိုင်[၁၃/တကန(နိုင်) ၁၁၉၄၉၁]နှင့် ဦးခွန်ကျော်လှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်လှိုင်(ခ) ဦးခွန်ကျော်လှိုင်**

## ဥတုရာသီ တောကိုမှီ၏

## ရွှေပညာဒါန(အခမဲ့)
## သင်တန်းတက်ရောက်ရန်ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ (၂၇)ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) အသိပညာပေး ရွှေသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်း အမှတ်စဉ် (၈)တို့အား ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် သင်တန်းတက်ရောက်ခွင့် ပုံစံကို (အခမဲ့) တောင်းယူဖြည့်စွက်ပြီး ဓာတ်ပုံ(၃)ပုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ အသေးစိတ်သိရှိလိုပါက 09-450049282/09-251992727သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**

| | |
|---|---|
| ကျင်းပမည့်ရက် | - ၅-၈-၂၀၂၃ ရက်(စနေနေ့) မှ ၁၄-၈-၂၀၂၃ ရက်(တနင်္လာနေ့)အထိ |
| ကျင်းပမည့်အချိန် | - နံနက်(၈:၀၀)နာရီမှ နံနက်(၁၀:၀၀)နာရီထိ |
| ကျင်းပမည့်နေရာ | - အမှတ်(၄၂/၅၀)၊ ပထပ်၊ ရွှေဘုံသာ (အောက်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |

**သင်ကြားမည့်ဘာသာ**

(၁) ငွေကြေးခဝါချ အသိပညာပေးခြင်း
နံနက် (၉:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀)နာရီထိ
(၂) ရွှေတူးဖော်ခြင်း
(၃) ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း
(၄) ရွှေပန်းထိမ်
(၅) ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း
(၆) ရွှေအပေါင်ခံခြင်း
(၇) ရွှေဒင်္ဂါး/ငွေဒင်္ဂါး
(၈) ကျောက်မျက်ပညာ
(၉) ရွှေဆိုင်ဖွင့်လှစ်ခြင်း
(၁၀) အသုံးချရွှေသင်္ချာတို့ဖြစ်ပါသည်။

၆-၈-၂၀၂၃ ရက် (တနင်္ဂနွေနေ့)မှ ၁၄-၈-၂၀၂၃ ရက် (တနင်္လာနေ့)အထိ သင်တန်းချိန် နံနက်(၈:၀၀)နာရီမှ နံနက်(၁၀:၀၀)နာရီထိ

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကိုးလုံးကွင်းကျေးရွာ၊ ကွင်းအမှတ်-၅၂၁/စီ၊ ဦးပိုင်အမှတ်-၃/၁/က၊ မြေအမျိုးအစား H/G ဒေါ်ခင်ကြိုင်အမည်ပေါက် ဧရိယာ ၀.၉၅ဧကအနက်မှ အလျား ၅၀ပေx အနံ ၈၅ ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်တစ်လုံးနှင့် အဆောင်တစ်လုံးတို့ကို လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်သီသီဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားစုံလင်စွာဖြင့် ယခုကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းသီတာဝေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၆၃)**
**ရှေ့နေများရုံးခန်း၊ မှော်ဘီတရားရုံးဝင်း၊ မှော်ဘီမြို့။**
**ဖုန်း-၀၉-၄၂၀၁၇၇၂၃၀၊ ၀၉-၇၆၁၈၈၃၂၈၈**

## မီးဘေးရှောင် မလောင်ခင်တား

### စက်မှုဝန်ကြီးဌာန
### အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
### အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)အတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ သက်တမ်းတိုးခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)အတွက် စက်ပစ္စည်း(၁၁)မျိုးကို စက်ရုံသို့အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူဖြည့်တင်း ဆောင်ရွက်လိုပါသည်။

၂။ တင်ဒါဈေးနှုန်းတင်သွင်းလွှာများကို ပေးသွင်းရမည့်အစီအစဉ်

| | | |
|---|---|---|
| (က) | တင်ဒါပုံစံရောင်းချသည့်ရက် | - (၂၄-၄-၂၀၂၃)ရက် |
| (ခ) | တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် | - (၃၁-၇-၂၀၂၃)ရက်နေ့ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် |

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၂၉ သို့ လာရောက် ဝယ်ယူနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မှော်စက်၊ မြေကွက်အမှတ်-၉၁၂/ခ၊ မြေအမျိုးအစား-နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ(၂၀ပေx ၆၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်-၉၁၂/ခ ဟု ခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေ စီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမောင်တိုး [၁၂/ဒလန(နိုင်)၀၁၅၁၇၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး မြေအမည်ပေါက်သူ ဦးမောင်တိုးမှ ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိလက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အမွေဆိုင် အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လွဲ့လွဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က-၄)လမ်း၊ အမှတ်(၂၆၃)၊ တစ်ခန်းတည်း RC(၆)ထပ်တိုက်မှ တတိယထပ်(၄-လွှာ)၊ ဧရိယာ(၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်သန်း[၁၂/လမန(နိုင်)၀၈၀၇၂၃]၊ ဒေါ်စန်းစန်းအေး [၁၂/လမန(နိုင်)၀၈၀၉၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီစိုး[၁၂/အစန(နိုင်)၁၈၃၃၂၅]၊ ဒေါ်ဆုသန္တာထွန်း[၁၂/အစန(နိုင်)၁၈၂၀၃၁]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးညီညီစိုးနှင့် ဒေါ်ဆုသန္တာထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

## သား၊ သမီးများအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဖရဲငွေတောင်ကျောင်းလမ်း၊(မ/၅၁)နေ ဦးစိုးစံမော် [၁၃/တကန(နိုင်)၀၆၈၂၆၃]- ဒေါ်ငွေးငွေး [၁၃/တကန(နိုင်)၀၁၇၅၆၉] တို့၏သား/သမီးများဖြစ်ကြသော မနန္ဒာငြိမ်းစိုးစံ [၁၃/တကန(နိုင်)၂၃၈၉၈၀]၊ မောင်သုတထက်စိုးစံ [၁၃/တကန(နိုင်)၂၇၅၉၉၁]၊ မောင်အားထက်လှိုင်[၁၃/တကန(နိုင်)၂၈၉၈၉၅] တို့သည် မိခင်၊ ဖခင်တို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းတို့အား သား/သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးစံမော်-ဒေါ်ငွေးငွေး**

## ဦးသိန်းအောင် (ချောင်းဦး)
## စီမံကိန်းမန်နေဂျာ(ငြိမ်း)
## ရန်ကုန်-ပြည်လမ်းတိုးချဲ့ပြုပြင်ရေးစီမံကိန်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၃၄)၊ ကျွန်းရွှေမြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်အမာကြည် [အထပြ(ငြိမ်း)အထက-၂ ရန်ကင်း]၏ ခင်ပွန်း၊ ဒေါ်ခင်မိုးမိုးအောင်-ဦးအာနိုး၊ ဦးသင်းထွန်းအောင်-ဒေါ်ချိုချိုဝင်း၊ ဦးရန်အောင်လင်း-Dr. ခင်နေနွယ်ထွန်း တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မခင်သီရိသင်း၊ မောင်ဉာဏ်လင်းဘိုဘို၊ မဟေမန်နွယ်လင်း၊ မသစ်သစ်နွယ်လင်း တို့၏ချစ်လှစွာသော အဘိုးသည် ၁၇-၇-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကိုကိုကြီး
### ဗိုလ်မှူး(ငြိမ်း)-ရေ-၃၁၉၉
### ညွှန်ကြားရေးမှူး(ငြိမ်း)၊နိုင်ငံတော်သမ္မတရုံး
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ်(၃၁)နေ (ဦးမောင်ကလေး-ဒေါ်မိမိကြီး)တို့၏ သားကြီး၊ ဒေါ်ညွှန့်ညွှန့်ရှိန်း (ကျောင်းအုပ်-ငြိမ်း၊ အ.ထ.က ထူးကြီး၊ ထ-၄၊ ကမာရွတ်)၏ ခင်ပွန်း၊ (Dr.ဒေါ်ခင်လေးရီ-ဗိုလ်မှူးတော်တော်-ငြိမ်း)၊ (ဒေါ်ခင်လေးနု-ဦးဝင်းကျော်)၊ ဦးမောင်မောင်ထွန်း-ဒေါ်ချစ်ချစ်၊ ဦးမောင်မောင်ထွေး-ဒေါ်စိန်ကြည်တို့၏ အစ်ကိုကြီး၊ ဦးစိုးမိုးကို-ဒေါ်ခင်ခင်ဆွေ၊ ဒေါ်မီမီကို၊ Dr.ထူးထူးကို-ဒေါ်သီရိခိုင်၊ Dr.ဗိုလ်ဗိုလ်-ဒေါ်ကျော့ကေသာစိုးစံတို့၏ ဖခင်ကြီး၊ တူ/တူမ ၁၆ ယောက်တို့၏ ဘဘကြီး၊ Dr.ဘုန်းစင်ကြယ်၊ မသက်နှင်းစိုးစံ၊ မဆုထူးသီရိတို့၏ ဘိုးဘိုးကြီး သည် ၁၇-၇-၂၀၂၃ ရက် နံနက် ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ၂:၃၀ နာရီတွင်ရေဝေးသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဝမ်းနည်းစွာ အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းရွှေ[ပြန်/ဆက်(ငြိမ်း)]
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ၃၉(A)ရပ်ကွက်၊ ဖိုးဝဇီရာလမ်း၊ အမှတ်(၇၃)နေ ဦးလှကြည် (အကြီးတန်းအထွေထွေမန်နေဂျာ-ဒါရိုက်တာအဖွဲ့ဝင်)၊ မြန်မာအရှေ့တိုင်းဘဏ်(MOB)၏ ချစ်လှစွာသောဇနီး ဒေါ်သန်းရွှေ [ပြန်/ဆက်(ငြိမ်း)] အသက်(၇၇)နှစ်သည် ၁၅-၇-၂၀၂၃(စနေနေ့) နံနက် ၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်(MOB)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ လူနေရပ်ကွက်အမှတ်(-)၊ ရှင်စောပုလမ်း၊ မြေကွက်အမှတ်(၇၇၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးသန်းငွေ(၁၂/လမန(နိုင်)၀၅၂၇၁)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပါအမည်ပေါက်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးဇော်မျိုးနိုင်**
LL.B, D.B.L
အထက်တန်းရှေ့နေ (စဥ်-၄၅၆၅၃)

**ဦးတင်ကိုလှိုင်**
LL.B
အထက်တန်းရှေ့နေ (စဥ်-၅၀၅၈၂)

အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၂၅၀၂၉၀၇၈၁ ၊ ၀၉ ၂၅၀၉၇၁၇၂၉

## ဒေါ်မြသင့်(ခ)ဒေါ်မြတ်သစ်
### ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့နေ (ဦးစောမောင်-ဒေါ်ကြွေ)တို့၏ သမီးကြီး၊ (ဦးဘဇံ-ဒေါ်နှင်း)တို့၏ သမီးချွေးမ၊ (ဦးကျော်ဦး)၏ဇနီး၊ ဒေါ်အေးမွန်မြတ်-ဦးဝင်းမြင့်၊ (ဦးရဲထွန်း)-ဒေါ်နန်းမိုးမိုးအေး၊ ဦးသိန်းတိုး-ဒေါ်နီလာတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်ကောင်း ဇင်ဝင်း၊ မောင်စကောင်းခန့်ရှိန်၊ မောင်မြတ်သုတမင်းတို့၏ ဘွားဘွားကြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသင့်(ခ) ဒေါ်မြတ်သစ် [အ.ထ.က-၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ငြိမ်း] သည် ၁၃-၇-၂၀၂၃ ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှိုင်လှိုင်ညွှန့်(ခ)ဒေါ်နန်းဝိုးလှိုင်
### (ကျိုင်းတုံအသင်း)
### အသက်(၈၆)နှစ်

ကျိုင်းတုံမြို့နေ [ဦးရီတစ်(မဟာဒါန်)-ဒေါ်နန်းကောင်ခမ်း] တို့၏ သမီး၊ ကျောင်းကုန်းမြို့နေ (ဦးစိန်ခို-ဒေါ်မြတင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ [ဗိုလ်မှူးချုပ်ညွှန့်တင်(ငြိမ်း) (အမြောက်နှင့်သံချပ်ကာယန္တရားတပ်)]၏ ချစ်ဇနီး၊ (ဦးညွှန့်လှိုင်)၊ ဦးစိုးနိုင်-ဒေါ်သီတာစိုး၊ ဦးမောင်မောင်ထွေး-ဒေါ်နီနီဆွေ၊ ဒေါ်စုစုလှိုင်၊ ဦးတင်ဌေး-ဒေါ်ယုယုလှိုင်၊ ဦးစိုးသူရ-ဒေါ်မီမီဝင်း၊ ဒေါ်ခင်နုနုလှိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၇-၂၀၂၃ ရက် နံနက် ၅:၀၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၃ ရက် နံနက် ၉:၃၀ နာရီတွင် ခေမာရာမကျိုင်းတုံကျောင်းတိုက်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်စွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ကြည်း-၂၄၅၇၉ ဗိုလ်ကြီးကျော်သန်း (ငြိမ်း)
### ဗိုလ်လောင်းသင်တန်းအမှတ်စဥ်(၈၆)
### အသက် (၆၂)နှစ်

ဦးမြင့်ဆွေ-ဒေါ်ပြုံး တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ဦးပန်းဖြူလမ်း၊ အမှတ် (၅/၉၉)နေ မောင်ရဲသီဟကျော်၊ မတင်နီလာကျော်၊ မခင်သန္တာကျော်၊ မထက်စန္ဒာကျော်တို့၏ဖခင်၊ ဒေါ်ချိုချိုအောင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးကျော်သန်း(ငြိမ်း)သည် ၁၇-၇-၂၀၂၃ (တနင်္လာနေ့) ည ၂၁:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ဗိုလ်လောင်းသင်တန်းအမှတ်စဥ်(၈၆)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## Capt မင်းလွင်ဦး (၂၇.၃.၁၉၅၈ - ၁၈.၇.၂၀၂၁)

ချစ်ခင်ပွန်း သံသရာခရီးရှည်ကြီးသို့ ထွက်ခွာသွားသည်မှာ ၁၈-၇-၂၀၂၃ ရက်တွင် (၂)နှစ်ပြည့်မြောက်ခဲ့သော်လည်း ယနေ့တိုင် မမေ့နိုင်ပါ။ မိမိတတ်အားသရွေ့ ပြုသမျှသော ဒါနကုသိုလ် အစုစုနှင့်တကွ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အားလုံးကိုလည်း ထပ်တူရရှိစေရန် အမျှ အမျှ အမျှ ပေးဝေပါတယ်။ ပြုသမျှ ကောင်းမှုကုသိုလ်အစုစုအတွက် ကောင်းမွန်ရာဘုံဘဝမှ အမျှရ၍ သာဓု ခေါ်ဆိုနိုင်ပါစေနော်။

**ချစ်ဇနီး -လှသီတာ**
**သား -ဖြိုး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၁၆၄၇၊ ၁၆၄၈)၊ ဧရိယာ (၀.၁၆၄)ဧကရှိ ဦးခိုင်မင်း [၆/ပလန(နိုင်)၀၀၃၃၄၁] အမည်ပေါက် (၂)ကွက်တွဲ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး မြေကွက်အမှတ် (၁၆၄၇)အား ဧရိယာ (၀.၀၈၂)ဧကဖြင့် မြေငှားစာချုပ်ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးနေဝင်းကို
### ဒုတိယညွှန်ကြားရေးမှူး
### အသက်(၄၄)နှစ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းကိုသည် ၁၈-၇-၂၀၂၃ ရက် နံနက် ၉:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## ဦးနေဝင်းကို
### ဒုတိယညွှန်ကြားရေးမှူး
### ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
### အသက်(၄၄)နှစ်

စစ်ကိုင်းမြို့နေ (ဦးအေးကို-ဒေါ်ခင်မေစိန်)တို့၏ သား၊ ပြင်ဦးလွင်မြို့နေ (ဦးစိန်လင်း-ဒေါ်ချယ်ရီ)တို့၏ သားသမက်၊ (ဦးမင်းဟန်ကို)၊ (ဦးဟန်ထွန်းကို)တို့၏ ညီ၊ ဦးချမ်းမင်းကို၏ အစ်ကို၊ နေပြည်တော်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဒေါ်ဆုရွှေစင်အောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သန့်စည်ကို၏ဖခင် ဦးနေဝင်းကိုသည် ၁၈-၇-၂၀၂၃ (အင်္ဂါနေ့)၊ နံနက် ၉:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၀-၇-၂၀၂၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၃ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာ အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်မျိုး
### အမှတ်-၂၊ သတ္တုတွင်း(ငြိမ်း)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၃၁)၊ အလယ်ရွှေဂုံတိုင် ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းနေ (ဦးသိန်းဟန်-ဒေါ်ရီရီ)တို့၏သား၊ (ဦးခင်မြင့်)-ဒေါ်စိန်စိန်တို့၏ သားသမက်၊ ဦးသောင်းထိုက်-ဒေါ်တင်တင်အေး တို့၏ ချစ်လှစွာသောအစ်ကို၊ ဒေါ်ညွှန့်ညွှန့်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဖြိုးထက်ကျော်-ဒေါ်လဲ့ယဉ်ဝင်း၊ ဦးကျော်မင်းဟန်-ဒေါ်ငုဝါကျော် တို့၏ ကျေးဇူးရှင်ဖခင်၊ မဆုပြည့်ထိုက်၊ မအေးမြထိုက်တို့၏ ချစ်လှစွာ သောဘကြီး၊ မသဲယွန်းအိမ်၏ ချစ်လှစွာသောအဘိုးသည် ၁၆-၇-၂၀၂၃ ရက် ညနေ ၆:၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၂၃ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ဗဟန်းမြို့နယ်၊ အမှတ်(၂၃၁)၊ အလယ်ရွှေဂုံတိုင် ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝါဝါစိုး
### အသက်(၆၁)နှစ်

ဦးဝင်းမြင့်သန်း(ခ)ကိုဝင်း-ဒေါ်ဖြူဖြူစိုး (ဒု-ဥက္ကဋ္ဌ၊ RC3AA) တို့၏ ချစ်လှစွာသောအစ်မ ဒေါ်ဝါဝါစိုး အသက် (၆၁)နှစ်သည် ၁၅-၇-၂၀၂၃(စနေနေ့)တွင် နေပြည်တော် ဥတ္တရသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၃)ဒေသကောလိပ်(ကြည့်မြင်တိုင်နယ်မြေ)**
**ကျောင်းသူ/ကျောင်းသားဟောင်းများအသင်း**
**(RC 3 AA)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝါဝါစိုး
### အသက်(၆၁)နှစ်

ဦးဝင်းမြင့်သန်း(ခ)ကိုဝင်း-ဒေါ်ဖြူဖြူစိုး (ဥက္ကဋ္ဌ၊ ဆရာ/ဆရာမများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ၊ RC-3AA) တို့၏ချစ်လှစွာသော အစ်မ ဒေါ်ဝါဝါစိုး အသက်(၆၁)နှစ်သည် ၁၅-၇-၂၀၂၃ (စနေနေ့)တွင် နေပြည်တော်ဥတ္တရသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ/ဆရာမများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ၊ RC3AA**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊လေးထောင့်ကန်စီမံချက်၊မြေတိုင်းရပ်ကွက်အမှတ်-၅၂၉/B^ဂ (လေးထောင့်ကန်စီမံချက်)၊မြေကွက်အမှတ်(၂၂၅)၊ဧရိယာ(၀.၂၂၆)ဧက၊မြေကွက်တည်နေရာအမှတ်(၂၂၅)၊နှင်းဆီ(၅)လမ်း၊လေးထောင့်ကန်စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊လေးထောင့်ကန်ဂရန်ပေးစီမံချက်အတည်ပြုငယ်စာရင်းအမည်ပေါက်ဒေါ်သန်းအေး(၁၂/မဂဒ(နိုင်)၀၇၁၉၆၀)မှလေးထောင့်ကန်စံပြရပ်ကွက် ဂရန်ရရှိရေးအထောက်အကူပြုကော်မတီရုံး၏ထောက်ခံချက်၊ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊မြို့နယ်အုပ်ချုပ်ရေးမှူးရုံး(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မင်္ဂလာဒုံမြို့နယ်)တို့၏ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ပြည်တွင်းစီးပွားရေး တိုးတက်ရန်အတွက် လူတစ်စု၏ စီးပွားတိုးတက်ရေးထက် လူအများစီးပွားရေးတိုးတက်ရန်လည်းလို...

❖ ထို့ကြောင့် အများစုအကျိုးရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၆)နှစ်မြောက် အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၆)နှစ်မြောက် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Mr. Chen Hai၊ စစ်သံမှူး Senior Colonel Wang Wei၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၆)နှစ်မြောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ယနေ့ ဖတ်စရာ

သာသနာတော်အကျိုး ထူးခြားစွာသယ်ပိုး အများပြည်သူပီတိအဟုန်တိုး၍ ငြိမ်းချမ်းသာယာ ဆောင်းပါး စာမျက်နှာ » ၆

ကျေးဇူးကြီးလှသော ဆရာ့စကား ဆောင်းပါး စာမျက်နှာ » ၁၀

တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက် စာမျက်နှာ » ၉

## ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel၊ MRTV News Channel၊ MWD–HD Channel၊ MWD Variety HD Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ပဉ္စဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ ရွှေ FM တို့မှ တိုက်ရိုက်(LIVE)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်